# မန္တလေး နေ့စဉ်

**The Mandalay Daily**

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၉၁)၊ ၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း ၁၄ ရက်၊ ၂၅-၉-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

### မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ခရိုင်မြို့များတွင် က.ည.နရုံးများ ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်းလုပ်ငန်းများ စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး၊ သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ

စာမျက်နှာ ၃ သို့ ❖



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

## အားကောင်းသော မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ် တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြား ကာလင်ဂါပတ္တနမ်မြို့၏ အနောက်တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများ ထွန်းညှိ

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံး၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းရုံး၊ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားများနှင့် ဆိုက်ကပ်ထားသော သင်္ဘောများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများကို ယနေ့ညပိုင်းတွင် ထွန်းညှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို နှစ်စဉ်စက်တင်ဘာလ နောက်ဆုံးပတ်၏ ကြာသပတေးနေ့တွင် ကမ္ဘာတစ်ဝန်းကျင်းပလေ့ရှိသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား(World Maritime Day 2026)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ၂၀၂၅ ခုနှစ်အတွင်း မြန်မာသင်္ဘောသားများကို အလုပ်အကိုင်အခွင့်အလမ်း အများဆုံးရှာဖွေပေးနိုင်သည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း(SRPS)ကုမ္ပဏီသုံးခုကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးထွန်းလူက အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့(IMO)အနေဖြင့် ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့အတွက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့၏ ဆောင်ပုဒ်ကို "ရေကြောင်းကဏ္ဍ မြှင့်တင်ဖို့-မူဝါဒမှ လက်တွေ့သို့" (From Policy to Practice: Powering Maritime Excellence)ဟု သတ်မှတ်ထားကြောင်း၊ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ဆောင်ပုဒ်သည် ကုန်သွယ်မှုတိုးချဲ့ခြင်း၊ ဆက်သွယ်ချိတ်ဆက်မှုကောင်းမွန်ခြင်း၊ အလုပ်အကိုင်ကောင်းများ ဖန်တီးခြင်းနှင့် အဏ္ဏဝါပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ (၂၀၃၀)ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အထောက်အကူပြုလျက်ရှိကြောင်း ပြောကြားခဲ့သည်။




ထို့အတူ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ၂၀၂၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် "မူဝါဒမှ လက်တွေ့သို့" ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်သွားမည့် ရေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေကြောင်းကဏ္ဍအား ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာ ဆွေးနွေးပွဲ၊ ကမ်းရိုးတန်းသင်္ဘောများအတွက် Collective Bargaining Agreement ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်္ဘောသားအလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးဆိုင်ရာ ဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

o-o-o-o-o



## မြန်မာအသင်းက တီမောအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၄**

FIFA-ASEAN Cup 2026 ပြိုင်ပွဲ Division 2 အုပ်စုပွဲစဉ်အဖြစ် ဟောင်ကောင်၌ ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲက မြန်မာအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက တီမောအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၂၀တွင် ဝင်းနိုင်ထွန်း၊ ပွဲချိန် ၇၅မိနစ်တွင် သန်းပိုင်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

FIFA-ASEAN Cup 2026 ပြိုင်ပွဲ Division 2 တွင် အသင်း ခြောက်သင်းပါဝင်ပြီး အုပ်စု (A)တွင် အိမ်ရှင်ဟောင်ကောင်၊ လာအို၊ ဘရူနိုင်း၊ အုပ်စု (B)တွင် ကမ္ဘောဒီးယား၊ မြန်မာနှင့် တီမောအသင်းများ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးတစ်သင်းစီသာ ဗိုလ်လုပွဲတက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် FIFA-ASEAN Cup 2026 ပြိုင်ပွဲ Division 2 အုပ်စု ဒုတိယပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ သောကြာနေ့။
မန္တလေး နေ့စဉ်

# နိုင်ငံတော်မှ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ကြွယ်ဝပေါများသည့် ရေအရင်းအမြစ်နှင့် အလားအလာကောင်းသည့် မြေလွတ်မြေရိုင်းများစွာရှိနေသည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် အဓိကနည်းလမ်းလေးသွယ်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းကို စနစ်တကျဆောင်ရွက်နိုင်ရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် Contract Farming စနစ်ဖြင့် ဆောင်ရွက်နိုင်သော်လည်း တောင်သူများတစ်ဦးချင်း၏ အကျိုးကို ပိုမိုဖော်ဆောင်နိုင်ရေးအတွက် မြန်မာ့အစဉ်အလာနှင့် ကိုက်ညီသည့် စပေါင်းသမဝါယမစနစ်ကို ဖော်ဆောင်ပြီး တောင်သူများစပေါင်းစိုက်ပျိုးသည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ထိုသို့ တောင်သူများ စပေါင်းစိုက်ပျိုးရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးချေးငွေများကိုလည်း နိုင်ငံတော်အနေဖြင့် သတ်မှတ်ချက်များအတိုင်း စနစ်တကျထုတ်ချေးပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ကေပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်ပတ်သက်၍လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးသည့် မြေအခြေအနေ၊ ရာသီဥတုအခြေအနေများအပေါ်မူတည်လျက်ရှိသည်။ နိုင်ငံတကာနှင့်ချိန်ထိုး၍ နှစ်ပေါင်းများစွာအချိန်ယူကာ စနစ်တကျသုတေသနပြု လေ့လာဆန်းစစ်တွက်ချက်ပြီး ပန်းတိုင်ရည်မှန်းချက်ကို သတ်မှတ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား စက်တင်ဘာ ၂၃ ရက်နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော်၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားရာတွင် "ဆီထွက်သီးနှံများအား ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံနိုင်မည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်း၊ ဆီထွက်သီးနှံများအား ဆီကြိတ်ခွဲခြင်းမပြုလုပ်ဘဲ မိရိုးဖလာစားသုံးမှု၌ အသုံးပြုခြင်း၊ မြေပဲ၊ နှမ်းတို့ကို ကုန်ကြမ်းအဆင့်ဖြင့်ပင် ပြည်ပသို့တင်ပို့ခြင်းများလည်း ဆောင်ရွက်နေကြရသည်ကိုလည်း တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းဆီဖူလုံမှုရှိစေရေး မိမိတို့အနေဖြင့် ဆီထွက်သီးနှံများ အမှန်တကယ်စိုက်ပျိုးကြရန်နှင့် တစ်ကေအထွက်နှုန်းအတိုင်းထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက ပြည်ပမှစားသုံးဆီများ နှစ်စဉ်တင်သွင်းနေရမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။ ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ နေကြာ၊ မြေပဲ၊ ပဲပုပ်နှင့် ဆီအုန်းစသည့်သီးနှံများကို မိမိတို့နိုင်ငံတွင် အဓိကစိုက်ပျိုးကြောင်း၊ အဆိုပါအဓိကဆီထွက်သီးနှံများကို အမှန်တကယ် ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခင်က မြေနေရာများစွာကို ခွင့်ပြုပေးထားသော်လည်း ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ အားနည်းချက်များစွာရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများအောင်မြင်အောင်စိုက်ပျိုး၍ စားသုံးဆီများကို ထုတ်လုပ်နိုင်မည်ဆိုပါက တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွက် ဒေသတွင်းစားသုံးဆီများဖူလုံစွာရရှိမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ရန်လိုကြောင်း၊ သီးထပ်စွမ်းအားတိုးတက်လာစေရေးဆောင်ရွက်ရာတွင် ရာသီဥတုနှင့် မြေအနေအထားကိုက်ညီသည့်သီးနှံများကို အချိန်မီစိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်မှ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးတောင်သူများအနေဖြင့်လည်း တစ်ကေအထွက်နှုန်းတိုးတက်စေရေး တစ်ဦးချင်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

UN Tourism

## ၂၀၂၆ ခုနှစ် ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

"ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာ သုံးကြစို့"

WORLD TOURISM DAY 2026 | DIGITAL AGENDA AND ARTIFICIAL INTELLIGENCE TO REDESIGN TOURISM

၂၇ - ၉ -၂၀၂၆ နေပြည်တော်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၄**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၌ အစီအစဉ် ၁၀ ရပ်ဖြင့် ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ၆၅ ဦး စုစုပေါင်း ၁၂၉ ဦး တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်ပြသည့် "မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး" အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူရာ သဘောတူညီသည့်အတွက် ဦးဌေးအောင်အား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။ **(အောက်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးက "မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာလျာထားချက်"ကို လွှတ်တော်သို့ တင်သွင်းသည်။ အဆိုပါလျာထားချက်နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက ဖတ်ကြားတင်သွင်းသည်။



ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာလျာထားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကိုကြေညာသည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး (တတိယနေ့)ကို စက်တင်ဘာ ၂၅ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-စ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❖ **ရှေ့ဖုံးမှ**

ဆောက်လုပ်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သဲနုန်းများတူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လပွတ္တာမဲဆန္ဒနယ်မှဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၏ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအား ခရိုင်မြို့များတွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်တစ်ရုံး ဖွင့်လှစ်မည်ဆိုပါက ရုံးဆောက်လုပ်ရန်နှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းလုပ်ငန်း ဆောင်ရွက်ရန် အနည်းဆုံး ပေ(၄၀၀ x ၄၀၀) မြေနေရာလိုအပ်ခြင်း၊ ရုံးဖွဲ့စည်းပုံနှင့် ဝန်ထမ်းဖွဲ့စည်းပုံ ပြင်ဆင်ရေးဆွဲ၍ ရုံးဖွင့်လှစ်ခွင့်အား တင်ပြတောင်းခံရခြင်း၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် ရုံးအဆောက်အအုံ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက်ကိရိယာ၊ ယာဉ်စစ်ဆေးရေးစက်ကိရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းများအတွက် ငွေလုံးငွေရင်း အသုံးစရိတ်များ ကြိုတင်၍ တင်ပြတောင်းခံရခြင်းနှင့် ခန့်ထားရမည့်ဝန်ထမ်းများ၏ လစာစရိတ်များ ပေးချေရန်အတွက် သာမန်အသုံးစရိတ်များ နှစ်စဉ်တင်ပြတောင်းခံရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်ဖွင့်လှစ်မည်ဆိုပါက အထက်ပါအချက်အလက်များ ပြည့်စုံအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသောဒေသများရှိယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူ ပြည်သူများ အဆင်ပြေစေရေးအတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများအား နယ်လှည့်ဆောင်ရွက်ပေးလျက်ရှိ၍ လတ်တလောတွင် ခရိုင်မြို့များ၌ ရုံးအသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **Digital အသွင်ကူးပြောင်းရေး ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့်ရလဒ်ကိုမည်ကဲ့သို့စောင့်ကြည့်မှုပြုလုပ်ပြီး ပိုမိုတိုးတက်အောင်လုပ်ဆောင်နေမှု အခြေအနေကို ရှင်းလင်းပြောကြားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation)လုပ်ငန်းစဉ်များကို စနစ်တကျ လမ်းညွှန်အကောင်အထည်ဖော်ရန်အတွက် အမျိုးသား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ရေတိုကာလတွင် သိသာထင်ရှားမြင်သာသည့် ငွေကြေးအကျိုးအမြတ်များ Tangible Result များ ရရှိနိုင်မည်မဟုတ်သော်လည်း ရေရှည်ကာလများတွင် အစိုးရ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သိသာထင်ရှားသည့်ရလဒ်များ၊ လူနေမှုနှင့် လူမှုစီးပွားကိစ္စရပ်များတွင် တိုးတက်မှုများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ပြည်သူအပေါ် အကျိုးပြုသည့် ရလဒ်ကောင်းများရရှိနိုင်ရေးအတွက် စနစ်တကျ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ညွှန်းကိန်းများ သတ်မှတ်တိုင်းတာခြင်းတို့ကို ပန်းတိုင်ရည်မှန်းချက်များ ချမှတ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်မှုအား စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး မည်သို့ဆောင်ရွက်မည်နှင့် ဆက်လက်ဆောင်ရွက်နေသည်ကိုပြည်သူသိရှိနိုင်ရေး အသိပညာပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မှ အသက် ၃၅ နှစ်အထိ သတ်မှတ်ချက်များနှင့် အကျုံးဝင်သူ အမျိုးသားများကိုသာ ဆင့်ခေါ်လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ကောက်ယူသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရပြည်သူ့စစ်မှုထမ်းဆောင်ရန် အသက်အရွယ်အရ အကျုံးဝင်သူ အမျိုးသားဦးရေ ၆ ဒသမ ၂ သန်း ဝန်းကျင်ခန့် ရှိပါကြောင်း။

သို့သော်လည်း ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နယ်မြေ/ဒေသအားလုံးမှ ပြည်သူ့စစ်မှုထမ်းရန် သတ်မှတ်ချက်နှင့် အကျုံးဝင်၊ ကိုက်ညီသူအားလုံးကို တစ်ပြိုင်တည်း၊ အင်အားတစ်ပြေးညီ သတ်မှတ်ခေါ်ယူစေခြင်းမျိုးမဟုတ်ဘဲ သက်ဆိုင်ရာနယ်မြေဒေသ/မြို့နယ်အလိုက် အကျုံးဝင်လူဦးရေ၊ လူဦးရေအစိတ်အကျဲ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ စသည်တို့ကို အသေးစိတ် အခြေခံတွက်ချက်ပြီး အချိုးကျ သတ်မှတ်ဆင့်ခေါ်စေခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သည့် အမျိုးသားတိုင်း နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာ သင်ကြားတတ်မြောက်စေရန်နှင့် လက်ရှိနိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်ရန်အလို့ငှာ သင်တန်းကျောင်းများက လစဉ်လက်ခံလေ့ကျင့်သင်ကြားပေးနိုင်သည့်အင်အားကို ထည့်သွင်းတွက်ချက်ကာ စနစ်တကျ ဆင့်ခေါ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ အပါအဝင် ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် လက်ကမ်းစာစောင်များ ရိုက်နှိပ်ပြီး ရပ်ကွက်/ကျေးရွာများအတွင်း ဖြန့်ဝေအသိပေးလျက် ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ကိစ္စရပ်များနှင့်ပတ်သက်ပြီး အများပြည်သူ သိရှိလိုသည်များကို မေးမြန်းနိုင်ရန်နှင့် ဥပဒေနှင့် မညီသည့် ဆောင်ရွက်နေမှုများရှိပါက သတင်းပေးပို့တိုင်ကြားနိုင်ရေး ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကိုလည်း အသိပေးကြေညာထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှိမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး မူဝါဒများ ချမှတ်ပြီး မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေး၊ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး၊ မိုးခေါင်ရေရှားမှုနှင့် အပူဒဏ်ကာကွယ်ရေး၊ ပင်လယ်ကမ်းရိုးတန်းဒေသများ မုန်တိုင်းအန္တရာယ်မှကာကွယ်ရေးနှင့် ရေကြီးရေလျှံခြင်းတို့ တားဆီးကာကွယ်နိုင်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာစေရေးတို့အတွက် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် သစ်တောပျက်စီးပြုန်းတီးသွားသည့်နေရာများ၊ တောနိမ့်တောပါးများ၊ ရေဝေရေလဲဒေသများတွင် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်စိုက်ပျိုးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝတောများထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် မူဝါဒများချမှတ်ပြီး တစ်ပြိုင်တည်း လုပ်ဆောင်ရန်နှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒရည်မှန်းချက်များနှင့်အညီ ကာလတို၊ ကာလရှည် စီမံကိန်းများချမှတ်ပြီး သဘာဝတောများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်သည့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု အစီအစဉ်များ အကောင်အထည်ဖော်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စလင်းမဲဆန္ဒနယ်မှ ဦးဇော်နိုင်၏ **စလင်းမြို့နယ် အထက(ခွဲ) တ/ရုံးပင်ကန်ကျောင်းတွင် နှစ်ထပ် ကျောင်းဆောင်သစ်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တ/ရုံးပင်ကန်-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် တန်းခွဲအရ လိုအပ်သည့် စာသင်ခန်း၊ စာကြည့်တိုက်၊ မီဒီယာခန်း၊ အစည်းအဝေးခန်းများအတွက် အဆိုပါကျောင်းရှိ အန္တရာယ်ဆောင်ဖြစ်သော ရတနာဆောင် ပေ(၁၀၀ x ၃၀)သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ(၁၄၀ x ၃၀) RCC နှစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ သပေါ့ကန်ကျေးရွာ အထက ကျောင်းအား RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သပေါ့ကန်-အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၂၀ x ၃၀) အုတ်ညှပ် တစ်ထပ် ကျောင်းဆောင်သည် အန္တရာယ်ရှိဆောင်ဖြစ်ခြင်း၊ ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်းတို့ကြောင့် လိုအပ်သောစာသင်ခန်း ခြောက်ခန်းစာအတွက် အဆိုပါ အန္တရာယ်ရှိဆောင် ပေ(၁၂၀ x ၃၀)အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်း၍ ပေ(၁၁၀ x ၃၀) RC နှစ်ထပ် ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်း-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်း၊ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-10 ကျောင်းသား မရှိသော်လည်း လာမည့်ပညာသင်နှစ်တွင် ကျောင်းသားရှိလာပါက စာသင်ခန်း လိုအပ်နိုင်သောကြောင့် အထက်တန်းဆင့်အတွက် စာသင်ခန်း နှစ်ခန်းစာ ပေ(၆၀ x ၃၀)RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **မြဝတီမြို့နယ်ရှိပင်မဓာတ်အားခွဲရုံအား ပြုပြင်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ မရှိ၊ မရှိပါက အဘယ်ကြောင့်နှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးထားသော ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံသည် အကြမ်းဖက်အဖွဲ့အစည်း၏ နှစ်ကြိမ်ဖျက်ဆီးခံခဲ့ရပြီး ပျက်စီးမှုများအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ဓာတ်အားပို့လွှတ်ခဲ့ပါကြောင်း၊ သို့သော် တတိယအကြိမ်ဖျက်ဆီးခံရမှုတွင် ၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်နှင့်အတူ ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ(၁၂) မဟာဓာတ်အားလိုင်းသည်လည်း ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ ပြန်လည်တည်ဆောက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ၂၃၀ကေဗွီ မော်လမြိုင်-မြဝတီ(၁၂) မဟာဓာတ်အားလိုင်း ဓာတ်အားစနစ်ဖြင့် ပြန်လည်ချိတ်ဆက်ဓာတ်အားပို့လွှတ်နိုင်ချိန်မှသာ မြဝတီမြို့နယ်အတွင်းသို့ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ၆၆/၁၁ ကေဗွီ၊ (၂၀+၁၀)အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံမှ မြဝတီမြို့နယ်အတွင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား လိုအပ်သည့် ထိန်းသိမ်းပြုပြင်စစ်ဆေးခြင်းများကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် ရွှေစုခင်နှင့် သဘွတ်ကုန်းရွာတို့တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် လိုင်းများသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအနေဖြင့် ရွှေစုခင်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၉ မိုင်၊ သဘွတ်ကုန်း(တောင်)ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၈ မိုင်၊ သဘွတ်ကုန်း(မြောက်) ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင်တို့ တိုးချဲ့တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ၊ သဘွတ်ကုန်း(တောင်ရွာ)နှင့် သဘွတ်ကုန်း(မြောက်ရွာ)တို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်သော ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းငွေ၏ **လယ်ဝေးမြို့နယ် အေလာနှင့် သာဝတ္တိနယ်မြေအတွင်းမှ ရွာများအား ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လယ်ဝေးမြို့နယ် အေလာနယ်မြေအတွင်းရှိကျေးရွာ ၁၃ ရွာတွင် တည်ဆောက်ရန် လိုအပ်လျက်ရှိသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်း လုပ်ငန်းများအား နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် လည်းကောင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများအား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ကာ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် လျာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**စာမျက်နှာ ၄ သို့ »»»**

»»» စာမျက်နှာ ၃ မှ

သာဝတ္ထိနယ်မြေအတွင်းရှိ ကျေးရွာ ၂၉ ရွာအနက် အောင်သာယာ၊ ကြာကန်၊ ဇောဓိကုန်း၊ အောင်ချမ်းသာ၊ ပေါမာန်၊ အောင်မင်္ဂလာ၊ အောင်စည်လာ၊ တဲကြီးကုန်း၊ တဲကြီးကုန်း(ရွာသစ်)နှင့် အောင်နန်းချိုကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၀ ဒသမ ၃ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၁ လုံးနှင့် ၄၀၀ ဗို့လိုင်း ၁၃ ဒသမ ၅ မိုင်တို့အား နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် တည်ဆောက်သွယ်တန်းထားပြီး ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း ကျန်ရှိနေသော ကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၄ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၀ လုံးတို့ကို နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် တည်ဆောက်သွယ်တန်းပြီးဖြစ်သော်လည်း ကျေးရွာများအတွင်း ၄၀၀ ဗို့ခာတ်အားလိုင်း ၈ ဒသမ ၅ မိုင်ခန့် တည်ဆောက်ရန် ကျန်ရှိနေပါကြောင်း၊ ထို့ပြင် မြိုင်သာယာ၊ ပိန်းချောင်း၊ ဇောဓိပင်၊ ရွှေမြင့်မိုရ်၊ ဓိးကုန်း၊ လသာ (ပေါက်မြိုင်)နှင့် ကြို့တန်း(တဲတန်း) ကျေးရွာ ၇ ရွာတွင် ၁၁ ကေဗွီလိုင်း ၈ ဒသမ ၆ မိုင်ခန့်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၇ လုံးနှင့် ၄၀၀ဗို့လိုင်း ၃ ဒသမ ၅ မိုင်ခန့် တည်ဆောက်ရန် လိုအပ်လျက်ရှိပါသဖြင့် အဆိုပါကျေးရွာ ၁၇ ရွာတွင် တည်ဆောက်ရန် ကျန်ရှိနေသည့် ၁၁ ကေဗွီ ခာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်း လုပ်ငန်းများအား နေပြည်တော်ကောင်စီရန်ပုံငွေဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ခာတ်အားလိုင်းများအား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်လျာထား၍ ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း တောင်ပေါ်ဒေသတွင် တည်ရှိသော ဇလီနှင့်လသာ (ငှက်ကြီးတောင်) ကျေးရွာ ၂ ရွာတွင် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး လုံခြုံရေးအခြေအနေအရ မြေပြင်ကွင်းဆင်းနိုင်မှုမရှိခြင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်စိစစ်ချက်အရ ပြည်သူပူးပေါင်းပါဝင်ရမည့် ငွေပမာဏကိုလည်း ထည့်ဝင်နိုင်မှုမရှိခြင်းတို့ကြောင့် လောလောဆယ် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်မဲဆန္ဒနယ်မှ ဦးဗိုလ်ဝင်း၏ **ပေါင်မြို့နယ် အလှပ်ကျေးရွာ ပင်လယ်ကမ်းခြေ ပတ်တာ ကျောက်စီတာတမံတွင် ကျန်ရှိနေသော ၁၀၅၀ ပေကို ကွန်ကရစ်တာတမံအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပေါင်မြို့နယ် အလှပ်ကျေးရွာရှိ ဒေသမှ ထိန်းသိမ်းထားသော အလှပ်ရေငန်တားတာပေါင်ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် ပေတိုင် ၃၈၀၀ မှ ၅၀၀၀ အထိ အလျားပေ ၁၂၀၀ အပိုင်းမှ တာပေါင်အလျား ပေ ၁၅၀ကို ဆောင်ရွက်နိုင်ရန် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ ခွဲဝေရရှိပြီးဖြစ်၍ မိုးရာသီအကုန် ပွင့်လင်းရာသီတွင် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ တာပေါင် အလျား ပေ ၃၀၀ ကို ထပ်မံဆောင်ရွက်ရန်အတွက် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသည့် အပိုင်း ပေ ၇၅၀ အနက် တာပေါင် အလျား ပေ ၃၇၀ ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့်အပိုင်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟသ်ာတမဲဆန္ဒနယ်မှ ဦးငွေးဝင်း၏ **ဟသ်ာတမြို့၊ သပြုဆိပ် အုတ်သျှစ်ကုန်းနှင့် ဝဲကြီးကျေးရွာတို့ရှိ တာပေါင်များအား ခိုင်ခံ့အောင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဟသ်ာတမြို့နယ် သပြုဆိပ်လယ်သမားတာနှင့် ဝဲကြီး လယ်သမားတာများသည် တောင်သူများ၏ အစီအစဉ်ဖြင့် တည်ဆောက်ထားပြီး တောင်သူများကိုယ်တိုင် ပြုပြင်ထိန်းသိမ်းလျက်ရှိကာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းထားခြင်းမရှိပါကြောင်း၊ အဆိုပါ လယ်သမားတာများသည် မိုးရာသီ ဝေန်မြစ်ရေမြင့်ချိန်တွင် ဝေန်မြစ်ရေ ခေတ္တခိုအောင်းရာ ဧရိယာအား လျော့နည်းစေသဖြင့် ဝေန်မြစ်အတွင်း ရေမျက်နှာပြင်ကို ပိုမိုမြင့်တက်စေပြီး ဝေန်ရေဘေးကာကွယ်ရေးတာ၏ လုံခြုံစိတ်ချရမှုကို ထိခိုက်စေနိုင်ပါကြောင်း။

တောင်သူများ၏လက်ရှိအကျိုးစီးပွားမထိခိုက်စေရေးအတွက် ကာကွယ်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ဝေန်မြစ်ရေဘေးကာကွယ်ရေးတာ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုကို မထိခိုက်စေရန်လည်းကောင်း အဘက်ဘက်မှ ချိန်ဆပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံဆောင်ရွက်ပေးသွားရမည့် လုပ်ငန်းများဖြစ်ပါကြောင်းနှင့် ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်း အပါအဝင် တာဝိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ် နမ့်အွန်ချောင်းပေါ်ရှိ ဖိုင်အွန်ဆည်ကို သစ်ရိုက်ကျောက်ဖြည့်ဆည်အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုင်းစံမြို့ရှိ ဖိုင်အွန်ဆည်သည် ရေကြီးမှုကြောင့် တိုက်စားပျက်စီးသွားသဖြင့် မူလလက်ရိုက်ဆည်၏ အောက်ဘက် ပေ ၅၀၀ ခန့်အကွာ ချောင်းကျဉ်းသည့်နေရာတွင် အလျား ပေ ၂၀၀၊ အမြင့် ၆ ပေ ဖြင့် သစ်ရိုက်ကျောက်ဖြည့်ဆည်အသစ် တည်ဆောက်ခြင်းနှင့် အလျား ပေ ၅၀၀ ရှိသည့် ရေပေးမြောင်းအသစ် တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှု အခြေအနေပေါ်မူတည်၍လုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဗီမခိုင်ရိုးချောင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြန်လည်တူးဖော်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကွမ်းခြံကုန်းမြို့နယ် ဗီမခိုင်ရိုးချောင်းကို မူလအနက်ရရှိစေရန်အတွက် ပြန်လည်တူးဖော်ပါက မိုးစပါးရာသီ ကွင်းရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည့်အပြင် နွေသီးနှံအောင်ရေလုံလောက်စွာ သွင်းယူစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကွမ်းခြံကုန်းမြို့နယ်၊ တောကြီးတန်းတိုက်နယ်၊ ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဗီမခိုင်ရိုးချောင်းအား ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် ခန့်မှန်းဆောင်ရွက်ရမည့် လုပ်ငန်းပမာဏနှင့် လိုအပ်သောရန်ပုံငွေကို နီးစပ်ရာဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၇-၂၀၂၈ တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံထားဆဲဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိသည့် အချိန်နှင့်ကိုက်ညီ၍ မြေပြင်တိုင်းတာမှုလုပ်ငန်းများကို ထပ်မံစိစစ်၍ ရိုးချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကိုင်ထောင်ချောင်းတစ်လျှောက် သဲနုန်းများတူးဖော်ခြင်း၊ တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တနိုင်းမြို့ပေါ်တွင် ဖြတ်သန်းစီးဆင်းနေသော ကိုင်ထောင်ချောင်း၏ တနိုင်း-မြစ်ကြီးနားလမ်းအောက်ပိုင်း အလျား ၉၅၃၃ ပေ သဲနုန်းတူးဖော်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ချောင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ယခုအခါ ရေစီးရေလာကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ တနိုင်း-မြစ်ကြီးနားလမ်း၏ အထက်ပိုင်းရှိ ကိုင်ထောင်ချောင်းတစ်လျှောက်၌ လက်ရှိတွင် ရေစီးရေလာကောင်းမွန်လျက်ရှိပြီး သဲနုန်းတူးဖော်ရှင်းလင်းဆောင်ရွက်ရန် မလိုအပ်ပါကြောင်း။

ကိုင်ထောင်ချောင်း တစ်လျှောက် ဘေးဝဲ/ယာတွင် ကျောက်စီမြေထိန်းနံရံဖြင့် တာပေါင်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်နှင့်ပတ်သက်၍ တနိုင်းမြို့နယ် ရပ်ကွက်များ ရေကြီးရေလျှံမှုမှ လျော့ပါးသက်သာစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လိုအပ်သည့် စိစစ်လေ့လာတိုင်းတာမှုများ ဆောင်ရွက်ပြီး မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်အပိုင်းများကို ဦးစားပေးသတ်မှတ်ကာ နီးစပ်ရာဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားတင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက်တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက " **မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတစ်ရပ်ကို အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**"အဆိုကို တင်သွင်းရာ နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလှက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**



**နောင်ချိုမြို့၊ ဘူတာရပ်ကွက်အတွင်းရှိ သရဖီလမ်းအား ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၃)လပတ်တွင် ဆောင်ရွက်သည့် သရဖီလမ်း၊** Slab Culvert **(၄၀'× ၄'× ၃')တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (ကဆ)**

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ဂန့်ဂေါ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျောတိုက်ရပ်ကွက်ရှိ မြစ်သာခန်းမတွင် ကျင်းပခဲ့ရာ ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးမှ နိဂုံးချုပ်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(အောက်ပုံ)**

**မောင်မျိုးမင်း(ပြန်/ဆက်)**



## လူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သပြေကျင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် လူငယ်ရေးရာဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ သပြေကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လင်းစန္ဒာမြင့်နှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသည့် စာရေးဆရာ ဦးရွှေအောင်သင်း (ပြင်ဦးလွင်)၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ပြင်ဦးလွင်)မှ သတင်းစာဆရာ ဦးအောင်သူ (ပြင်ဦးလွင်)တို့ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လင်းစန္ဒာမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး သတင်းစာဆရာ ဦးအောင်သူက မုဒိတာစကားပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ဦးရွှေအောင်သင်း(ပြင်ဦးလွင်)က လူငယ်ရေးရာ အသိပညာပေး ဟောပြောပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား လူငယ်အနာဂတ်နှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းခဲ့ပြီး ဆုလက်ဆောင်များပေးအပ်ခဲ့ကာ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူး၍ အခမ်းအနားပြီးဆုံးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

★ စာမျက်နှာ ၂၄ မှ

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်ကျော်လင်း (ခ) ဦးထိန်လင်း၏ **မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအုပ်စု ဖားအောက်တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ရိုက်စက် (X-ray Machine) တစ်လုံးတပ်ဆင်ပေးရန်နှင့် ဓာတ်မှန်ရိုက်ခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တပ်ဆင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဖားအောက်တိုက်နယ်ဆေးရုံသို့ လာရောက်ပြသသောလူနာများအနက် ဓာတ်မှန်ရိုက်ရန် လိုအပ်ပါက (၉)မိုင်ခန့် ကွာဝေးသော မော်လမြိုင် ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့စစ်ဆေး ဆောင်ရွက်နေရသည့်အတွက် ဖားအောက်တိုက်နယ်ဆေးရုံရှိ သင့်လျော်သည့် အခန်းတစ်ခန်း အလျား ၁၉ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၁၁ ပေအား ဓာတ်မှန်ခန်းအဖြစ် အသုံးပြုနိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး 100MA Digital X-Ray Machine တစ်လုံးအား ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် မြင်းကျုံးတိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း ရပ်ဆိုင်းနေခြင်းအား ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အဆိုပါအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ၃၃ ရာခိုင်နှုန်း ပြီးစီးမှုအတွက် ရန်ပုံငွေကျပ်သန်း ၂၅၀ ပေးချေခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကာလမှစ၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ "ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများ အဆမတန်ကွာဟလာမှုကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့်" လုပ်ငန်းပြန်လည်အပ်နှံခဲ့ပါသောကြောင့် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းနှင့် ပေးချေသည့်ရန်ပုံငွေကိုက်ညီမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်ရှိသော လုပ်ငန်းအစိတ်အပိုင်းများကို အပြီးသတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ညှိနှိုင်းပေးပို့ခဲ့ခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ "အဆိုပါလုပ်ငန်းသည် နယ်မြေအခြေအနေအရ ဆောင်ရွက်ရန် အခက်အခဲရှိပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း" ပြန်ကြားချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၄၉၆ ဒသမ ၇၄၀ အား နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ရခြင်း ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းအား အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ လုပ်ငန်းပြီးစီးရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေ ထပ်မံလိုအပ်ချက်ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော် ဥက္ကာသီရိကုမ္ပဏီမှ Oxygen Plant အောက်ဆီဂျင်ထုတ်လုပ်သော စက်တစ်လုံး ဌာနပိုင် ဝယ်ယူတပ်ဆင်ခဲ့ရာ အောက်ဆီဂျင်စက်ကို (၃)နှစ်ကျော် အသုံးပြုခဲ့ပြီး စက်ချွတ်ယွင်းမှုကြောင့် ရပ်နားထားသည်မှာ (၂)နှစ်ခန့်ကြာမြင့်နေပြီဖြစ်သည့်အတွက် ခန္တီးပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင် လိုအပ်သည့် လူနာများအတွက် အခက်အခဲများစွာကြုံတွေ့နေရပါသဖြင့်ချွတ်ယွင်းနေသော အောက်ဆီဂျင်စက်အား အမြန်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပြည်သူ့ဆေးရုံတွင် ယခုတင်ပြသည့် Oxygen Plant နှင့် မြို့မိမြို့ဖများမှ လှူဒါန်းထားသော Oxygen Plant တစ်လုံးအပါအဝင် Oxygen Plant နှစ်လုံးရှိပါကြောင်း၊ မြို့မိမြို့ဖများမှ လှူဒါန်းထားသော Oxygen Plant(OYS-50)အား ကောင်းစွာ အသုံးပြုလျက်ရှိပြီး တစ်နေ့လျှင် Oxygen ဓာတ်ငွေ့လီတာ ၄၀ ဆလင်ဒါအိုး ၁၆ လုံးခန့် ထုတ်လုပ်ပေးနိုင်ပါကြောင်း၊ ပြုပြင်ရန်လိုအပ်နေသော Oxygen Plant (Oxymat, O-280)နှင့် ပတ်သက်၍ ဥက္ကာသီရိကုမ္ပဏီ၏တင်ပြချက်အရ Preventive Maintenance Kit များလဲလှယ်ခြင်း၊ Air Compressor များစစ်ဆေး၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Air Dryer များစစ်ဆေး၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Pressure Swing Absorption Zeolite bed စစ်ဆေးလဲလှယ်ခြင်း၊ Oxygen booster စစ်ဆေးလဲလှယ်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဈေးနှုန်းတင်သွင်းလွှာများခေါ်ယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ပထမအကြိမ် အစိုးရလက်ထက်က ခန့်ထားပေးခဲ့သော မျက်စိလက်ထောက်ဆရာဝန်အား တွဲဖက်ပြန်လည်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ၊ ပြန်လည်ခန့်ထားပေးမည်ဆိုပါကလည်း မည်သည့်အချိန်တွင် စေလွှတ်ပေးမည်နှင့် ပြန်လည်ခန့်ထားခြင်းမရှိပါက မည်သည့်အတွက်ကြောင့် မခန့်ထားနိုင်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်တစ်ဦး၊ အထူးကုဆရာဝန်များအနေဖြင့် အထူးကုဆရာဝန် (အရိုး/ ခွဲစိတ်/ မေ့ဆေး/ ဓာတ်မှန်) နှင့် သွားနှင့်ခံတွင်းဆရာဝန်များအား ခန့်အပ်ထားပြီး မျက်စိအထူးကုအား ခန့်ထားခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဒေါ်ယဉ်မင်းထိုက်၏ **မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အဂ်ါရပ်နှင့် ညီညွတ်သည့် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် ခုတင်(၁၀၀)ဆံ့ သထုံမြို့ ပြည်သူ့ဆေးရုံနှင့် လည်းကောင်း၊ ခုတင် (၅၀၀)ဆံ့ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးနှင့်လည်းကောင်း မော်တော်ယာဉ်ဖြင့် တစ်နာရီခန့်သာ သွားရပါကြောင်း။

ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် (၃)နှစ်စာ အနေဖြင့် တစ်ရက်ပျမ်းမျှအတွင်း လူနာဦးရေ ၃၃ ဦးရှိပြီး လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုခုတင်အသုံးပြုမှု ရာခိုင်နှုန်းပြည့်မီရန် လိုအပ်လျက်ရှိပါသဖြင့် လတ်တလော ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံသို့တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာအုပ်စု ကောင်းဘို့ကျေးရွာတွင် တိုက်နယ်ဆေးရုံ တစ်ရုံအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့တိုက်နယ်ဆေးရုံအား ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ကောင်းဘို့တိုက်နယ်ဆေးရုံတည်ဆောက်ရန်အတွက် အလှူရှင်များက ကွင်းအမှတ်(၄) ကောင်းဘို့မြောက် ဦးပိုင်အမှတ် (၇၂/၁၁၈) မြေဧရိယာ ၃ ဒသမ ၁၃ ဧကအား လှူဒါန်းခဲ့သော်လည်း ၎င်းမြေဧရိယာအနက် ၂ ဒသမ ၇၂ ဧကသည် ယာမြေဖြစ်ပြီး ၀ ဒသမ ၄၁ ဧကသည် လယ်မြေဖြစ်နေသောကြောင့် လယ်မြေ၊ ယာမြေမှ အခြားနည်းသုံးစွဲခွင့်ရရှိရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီသို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် တင်ပြထားပြီးဖြစ်ပါကြောင်း၊ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ရရှိပါက ရပ်စောက်မြို့နယ် ကောင်းဘို့တိုက်နယ်ဆေးရုံအဆောက်အအုံများအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျာထားဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်နှစ်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း ဖွဲ့စည်းခဲ့ရာ **မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်သောင်းတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦး၊ **မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင်ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၅) ဦးမျိုးမင်းနောင်နှင့် အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် အမှတ်(၄) ဒေါ်မီမီကျော်ထွန်းတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းအားလည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကို **အစား** ဗိုလ်မှူးချုပ်ခင်မောင်စိုးအားလည်းကောင်း၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းအားလည်းကောင်း၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီတို့တွင် အဖွဲ့ဝင် ဗိုလ်မှူးကျော်ဇင်ဝင်း **အစား** ဗိုလ်မှူးနိုင်ဝင်းအားလည်းကောင်း၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးဇေယျာဝင်း **အစား** ဗိုလ်မှူးဇော်မင်းသိန်းအားလည်းကောင်း၊ မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အတွင်းရေးမှူး ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းအားလည်းကောင်း၊ မြန်မာ-အိန္ဒိယ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အဖွဲ့ဝင်ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းအားလည်းကောင်း၊ မြန်မာ-ကမ္ဘောဒီးယားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းအားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နီကာရာဂွါ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- နီကာရာဂွါ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် နည်းပညာဖလှယ်ရေး၊ ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် စေလွှတ်ရေး၊ ဘာသာရပ်များအလိုက် သင်တန်းများပေးရေး၊ သုတေသနများ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA) တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် (၁/၂၀၂၆) ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ(MNTJP/ MNDAA) တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ(MNTJP/ MNDAA) မှ MNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်၊ MNTJP ပေါလစ်ဗျူရိုနှင့် နိုင်ငံရေးဌာန ဌာနမှူး ဦးကျင်းရှင်း၊ ဗဟိုကော်မတီဝင် MNDAA စစ်ဦးစီးဌာန ဒုတိယ စစ်ဦးစီးမှူး ဦးလီရှိကြဲ၊ ဗဟိုကော်မတီဝင် MNDAA နိုင်ငံရေးဌာန ဒုတိယဌာနမှူး ဦးချားတတ်အန်း၊ ဗဟိုကော်မတီဝင် အထူးဒေသအရာရှိသင်တန်းကျောင်း ဒုတိယကျောင်းအုပ် ဦးလီဖျင်ယုံ၊ ဆက်ဆံရေးဌာန ဒုတိယဌာနမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး ဦးလီကြားခွမ်း၊ တပ်မဟာ(၆၁၁) ဒုတိယနိုင်ငံရေးမှူးနှင့် ပစ်ခတ်ရပ်စဲမှုစောင့်ကြည့်ရေးအဖွဲ့ ရုံးတာဝန်ခံ ဦးရွှေခိုင်၊ ဗဟိုကော်မတီရုံးအဖွဲ့ဝင် ဦးရန်နိုင်၊ MNDAA နိုင်ငံရေးဌာန စည်းရုံးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကွားရွှင်၊ ဆက်ဆံရေးဌာန ရုံးအဖွဲ့ဝင် ဒေါ်ရှယ်ရှီရှင်း၊ နိုင်ငံရေးဌာနရုံး အဖွဲ့ဝင် ဦးလီဝင်လုံတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားရာတွင် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေး ဖိတ်ခေါ်ပြီးနောက်ပိုင်း ယနေ့ MNDAA နှင့် တွေ့ဆုံမှုသည် နေပြည်တော်၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသ အထူးဒေသ(၁)ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုများရှိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ ပဋိပက္ခများဖြစ်ပွားလာပြီး နောက်ပိုင်းတွင် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းမည်ဆိုသည့် ဆန္ဒများဖြစ်လာကြကြောင်း၊ နိုင်ငံရေးအရ ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ပီပြင်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ ကိုးကန့်လူမျိုးများသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားများဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပေးထားပြီးဖြစ်ကြောင်း၊ MNDAA ၏ ရေရှည်လိုလားချက်အား နိုင်ငံတော်အစိုးရအနေဖြင့် ဖြေရှင်းပေးနိုင်သည်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အပြန်အလှန်နားလည်မှု တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ရေးအတွက် တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် မှီခိုမှုရှိရမည်ဖြစ်ကြောင်း၊ ဒေသမတည်ငြိမ်မှုကြောင့် ဒေသခံပြည်သူလူထုများ နစ်နာဆုံးရှုံးရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်ရန်လိုပါကြောင်း၊ လတ်တလောတွင် ဆုံးဖြတ်ရန်ခက်သည်များရှိပါက နောင်လာမည့် ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးပြီး ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းအား နှစ်ဖက်အဖြေရှာသွားရန်လိုကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်များအား ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA) မှ MNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က နေပြည်တော်သို့ရောက်ရှိပြီး တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းရေး ဖော်ဆောင်ရန်နှင့် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်စေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်း၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့်ပုံစံဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်သော လမ်းကြောင်းအား အထူးကြိုဆိုကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံးအေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကာလကြာရှည်ပဋိပက္ခများကြောင့် ပြည်သူများအတိဒုက္ခရောက်ရကြောင်း၊ သမိုင်းကိုပြန်ကြည့်ပါက သဘောထားကွဲလွဲမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ပေါက်ဖွားရန်မှာ လွယ်ကူပြီး ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဖော်ဆောင်နိုင်ရန် သက်ဆိုင်သူများအားလုံး၏ သဘောထားကြီးမှုသည် အရေးကြီးပါကြောင်း၊ လက်ရှိခက်ခဲစွာ ရရှိထားသော ငြိမ်းချမ်းရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားထိန်းသိမ်းကာကွယ်ရန် တွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် အမြင်ကွဲလွဲမှုများကို ဖြေရှင်းကြရန်၊ အပြန်အလှန်ယုံကြည်မှုများကို တည်ဆောက်မြှင့်တင်ကြရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းများရှာဖွေဖန်တီးရန်လိုကြောင်း၊ တွေ့ဆုံဆွေးနွေးသောနည်းလမ်းဖြင့် လက်ရှိရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းကာကွယ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေးဟူသော နိုင်ငံရေး ရပ်တည်ချက်အပေါ်တွင် ခိုင်မာစွာရပ်တည်လျက် တိုင်းရင်းသားအားလုံးတည်ငြိမ်အေးချမ်းစွာ ပူးပေါင်းနေထိုင်နိုင်သော စစ်မှန်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအထူးဒေသ တည်ထောင်ရေးကို လျှောက်လှမ်းရန် ကိုင်စွဲထားပါကြောင်း၊ ငြိမ်းချမ်းသောလမ်းစဉ်ဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးစသည့် လုပ်ငန်းများကို တတ်စွမ်းသမျှကြိုးစားလျက်ရှိပြီး တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းဖော်ဆောင်ရန် အထူးလိုလားပါကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များ အပြန်အလှန်ဆက်သွယ်မှု၊ အမြင်ချင်းဖလှယ်ခြင်းတို့ကြောင့် ဒေသတွင်းတည်ငြိမ်မှု၊ ယုံကြည်မှုများ ခိုင်မြဲမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများအား အားပေးထောက်ခံကြောင်း၊ ရှိရင်းစွဲ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများကို ခိုင်မာစေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်းဖော်ဆောင်ရန် ဆန္ဒအပြည့်အဝရှိကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထုတစ်ရပ်လုံးအတူတကွအေးချမ်းစွာ နေထိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသော နည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ငြိမ်းချမ်းရေးကို ဖန်တီးနိုင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိစ္စရပ်များ၊ MNDAA ၏ နိုင်ငံရေးတရားဝင်မှုဖြစ်စေရေးနှင့် တိုင်းရင်းသားများ တန်းတူညီမျှရှိရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဒေသကို ဖြတ်သန်းသည့် စီမံကိန်းများဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အကြား အပြန်အလှန်ယုံကြည်မှု ခိုင်မာစေရေးနှင့် နိုင်ငံရေးပါတီတည်ထောင်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးကိစ္စတို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် လာရောက်တွေ့ဆုံဆွေးနွေးမှု၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များအား ဖော်ဆောင်နိုင်မည့်ကိစ္စ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဦးတည်ပြီး နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်နိုင်ရေး ကိစ္စနှင့် MNDAA တင်ပြသည့် ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA) မှ MNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပင်စင်လစာငွေများ မြန်မာ့စီးပွားရေးဘဏ်တွင် ထုတ်ပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၄**

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်များတွင် ရုံးဖွင့်ရက် ၂၁ ရက် တစ်ရက်တည်းတွင် စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် ဘဏ်ဖွင့်ရက်များတွင် လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ ပင်စင်လစာငွေကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်မှ ထုတ်ယူခြင်း၊ Myanmar Mobile Money နှင့် Wave Money စနစ်အသုံးပြု၍ နီးစပ်ရာအေးဂျင့်များတွင်လည်း ထုတ်ယူနိုင်သည်။

မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်လစာငွေစတင်ထုတ်ပေးသည့် ၂၁ ရက်နေ့တစ်ရက်တည်းတွင် လာရောက်ထုတ်ယူခြင်းကြောင့် အချိန်ကြာမြင့်စွာစောင့်ဆိုင်းရခြင်းများ မဖြစ်ပေါ်စေရေးအတွက် ဘဏ်ခွဲများတွင် ငွေပေးကောင်တာများတိုးချဲ့ပြီး စက်တင်ဘာလအတွက် ပင်စင်လစာထုတ်ယူရမည့်နေ့ရက်နှင့် အချိန်သတ်မှတ်ထားသည့် တိုကင်များကို ပင်စင်စားများထံ ဖြန့်ဝေပေးခဲ့ပြီး အငြိမ်းစားများ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရန်မလိုဘဲ စက်တင်ဘာလ ဘဏ်ဖွင့်ရက်များတွင် လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ခြင်း၊ Centralized/ ePension စနစ်ဖြင့် မန္တလေးမြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၁၉၂ ခုတွင်လည်း ထုတ်ယူမှုအခမဲ့ဖြင့် ပြောင်းလွဲထုတ်ယူနိုင်ရာ မန္တလေးမြို့သို့ ယာယီရွှေ့ပြောင်းနေထိုင်ကြသော အငြိမ်းစားများလည်း ဘဏ်ခွဲများတွင် စနစ်တကျ ထုတ်ယူနေကြကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**



# လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၃၆ မြို့နယ်၌ အလုပ်ဌာန ၃၆၈၉၉ ဌာနမှ အာမခံအလုပ်သမား ၁ ဒသမ ၃၈ သန်း အကျုံးဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၄

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နိုင်ငံတော်၏အဓိက ကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို လူမှုဖူလုံရေးဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၃၆ မြို့နယ်၌ အလုပ်ဌာန ၃၆၈၉၉ ဌာနမှ အာမခံအလုပ်သမား ၁ ဒသမ ၃၈ သန်း အကျုံးဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၏ပြောကြားချက်အရ သိရသည်။



**အမှာစကားပြောကြား**

ယနေ့မွန်းလွဲပိုင်းက အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးတွင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားရာတွင် ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ပနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်းပြီး မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (PERKESO) နှင့် MOC လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထိုင်းနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (Social Security Office-SSO) နှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အာမခံအလုပ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် တစ်မျိုးသားလုံးအကျုံးဝင်သည့်စီမံကိန်းဖြစ်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးသည့်လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့ပြင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တင်ပြသည့်အမှာစာများကို ရှင်းလင်းတင်ပြပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အာမခံအလုပ်သမားများကို ပိုမိုထိရောက်ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ Fee for Service Payment ဖြင့် ဆေးခန်း ၇၂ ခန်းနှင့် သားဖွားခန်း ရှစ်ခန်း ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုးစိုက်ထုတ်ငွေများအား အမြန်ဆုံးပြန်လည်ပေးအမ်းလျက်ရှိရာ လူမှုဖူလုံရေးငွေကြေး အကျိုးခံစားခွင့်များအနေဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ ငွေကျပ် ၁၂ ဒသမ ၉၇ ဘီလီယံကျော်ကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသောသားသမီးများအတွက် ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်အဖြစ် အာမခံအလုပ်သမား ၆၈၃၇၉ ဦး၏ သား/သမီး၊ ကျောင်းသား/ ကျောင်းသူ ၈၉၉၆၇ ဦးအတွက် စုစုပေါင်းငွေကျပ် ၃၅၈၃ ဒသမ ၀၅၀ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မန္တလေးငလျင်ဘေးခံစားခဲ့ရသော အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်အဖြစ် အလုပ်ဌာန ၇၁၆၃ ဌာနမှ အာမခံအလုပ်သမား ၁၃၄၂၈၃ ဦးအတွက် အကျိုးခံစားခွင့် ငွေကျပ် ၁၀၉၈၈ ဒသမ ၇၅၉ သန်းကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်




**နေပြည်တော် စက်တင်ဘာ ၂၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဇေယျာဝတီ ရေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀ ဦးတို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်။

သတင်းစဉ်

၀-၀-၀-၀

၀-၀-၀-၀-၀

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် သာစည်မြို့တို့ရှိ နယ်မြေခံတပ်ရင်းများ၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

သတင်းစဉ်



**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် (ကြာသပတေးနေ့)သည် "ဘဏ်ပိတ်ရက်" ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာမှတာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ သီးကုန်းကျေးရွာသို့ ရောက်ရှိပြီး မုန့်တိုင်ရေလှောင်တမံမှ မိတ္ထီလာကန်အတွင်း ရေကူးဖြည့်တင်းနေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက မိုးရွာသွန်းမှုအခြေအနေ၊ မုန့်တိုင်ရေလှောင်တမံအတွင်း ရေသိုလှောင်နိုင်သည့် ပမာဏနှင့် ရေဝင်ရောက်နေမှု၊ မိတ္ထီလာကန်အတွင်းမှ အသုံးပြုရေပမာဏနှင့်ရေလိုအပ်ချက်၊ မုန့်တိုင်ရေလှောင်တမံမှ မြောင်းမကြီးတစ်လျှောက် မိတ္ထီလာကန်အတွင်းသို့ ၁၀၀ ကျူးဆက်နှုန်းဖြင့် ရေကူးဖြည့်တင်းပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိတ္ထီလာကန်အတွင်း ရေသိုလှောင်ထိန်းသိမ်းထားမှုနှင့် ရေအသုံးပြုမှုများကို ချွေတာသုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ရေအနည်းလိုသီးနှံပြောင်းလဲစိုက်ပျိုးခြင်းများကို ကြိုတင်လျာထားစီမံရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် မြာကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှကြီးကြပ်၍ တောင်သူများ စိုက်ပျိုးထားသည့် မကွေး(၁၆)မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်မြေပဲစိုက်ခင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများက မိတ္ထီလာခရိုင်အတွင်း အဓိကဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု၊ မကွေး(၁၆)မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်မြေပဲစိုက်ခင်း ၁၀ ဧက စိုက်ပျိုးရှင်သန်ဖြစ်ထွန်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများနှင့် တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုးမြေပဲများရိတ်သိမ်းပြီးပါက သီးထပ်စိုက်ပျိုးရန်အတွက် ဆင်းရွှေကြာ(၂)နေကြာမျိုးစေ့များကို တောင်သူများထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့မရပ်ကွက်ရှိ ဖောင်တော်ဦးရင်ပြင်တော်တန်ဆောင်းတွင် ကျင်းပနေသည့် သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးစေတီတော်(၁၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲအား ကြည့်ရှုအားပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင် အားကစားကွင်းသို့ ရောက်ရှိပြီး မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ထီလာမောင်ဖလား အမျိုးသား(အလွတ်တန်း) ဖိတ်ခေါ်၊ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သာစည်မြို့နယ်အသင်းနှင့် ရွှေလွန်းပုံ(က)အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးရာ သာစည်မြို့နယ်အသင်းက ရွှေလွန်းပုံ(က)အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ငင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂိုးသမားအကောင်းဆုံးအားကစားသမားဆု၊ အနောက်တန်းအကောင်းဆုံးအားကစားသမားဆု၊ အလယ်တန်းအကောင်းဆုံးအားကစားသမားဆု၊ ရှေ့တန်းအကောင်းဆုံးအားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ၊ တတိယဆု၊ ဒုတိယဆုရရှိသည့် အသင်းအား အားကစားသမားတစ်ဦးချင်းစီ ဆုတံဆိပ်များနှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပထမဆုရရှိသည့် သာစည်မြို့နယ်အသင်းမှ အားကစားသမားများကို တစ်ဦးချင်းစီဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ် ထီလာမောင်ဖလား အမျိုးသား (အလွတ်တန်း)ဖိတ်ခေါ်၊ ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် သာစည်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော နိုင်ငံ့သားကောင်းအား ဂုဏ်ပြုကြိုဆို



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်မှ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၅)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းအား ဂုဏ်ပြုကြိုဆိုပွဲကို ယမန်နေ့ ညနေပိုင်းက (င)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၅)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်း ဦးအောင်ဝဏ္ဏအား ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစစ်မင်းမျိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇေယျာသန်း၊ ဌာနဆိုင်ရာများ၊ (င)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတို့က ဂုဏ်ပြုချီးကျူးစကားပြောကြားခဲ့ပြီး နိုင်ငံ့တာဝန်များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်း ဦးအောင်ဝဏ္ဏအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ငင်မင်းမောင် ခရိုင်(မြန်/ဆက်)




(၆၂)နှစ်မြောက်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁)ရထားရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင် ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက်က မန္တလေးပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား အားဆေး၊ ကြက်ဥနှင့် အားဖြည့်အချိုရည်များ ပေးအပ်စဉ်။ (ကဆ)

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၂၀၁၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၂၀၁၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၀၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ စက်တင်ဘာ ၂၃ ရက်တွင် ၂၀၁၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၄ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေပဲစိုက်ပျိုးတောင်သူများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ အထွက်နှုန်းများ ကောင်းမွန်ရေး၊ ပိုးမွှားကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်များကင်းစေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့အတွက် ဝန်ထမ်းများက စိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။ (၄၄၅)

## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၄**

မိတ္ထီလာမြို့နယ်၌ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ခရိုင်စားသုံးသူရေးရာဦးစီးဌာနတွင် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆွေးနွေးခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင် ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူ၏အဓိပ္ပာယ်၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအဓိပ္ပာယ်၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများအနေဖြင့် မှတ်ပုံတင်လျှောက်ထားရန်အတွက် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ် SMEs မှတ်ပုံတင်လက်မှတ်များ တင်ပြရန်လိုအပ်ပြီး တစ်ဦးချင်းဖြစ်ပါက တင်ပြရန်မလိုအပ်ပါကြောင်း၊ ရောင်းချမည့်ဆိုင်လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ၊ Online Sale Owner ၏ မှတ်ပုံတင်၊ နေထိုင်ကြောင်း လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ Online Sale Logo များ ပြင်ဆင်ထားရန်လိုအပ်ကြောင်း Online Sale လျှောက်ထားရာတွင် E.mail (သို့မဟုတ်) Mobile Phone Number ဖြင့် Sing Up (Register)ပြုလုပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်နိုင်ကြောင်းနှင့် www.eComreg.gov.mm မှတစ်ဆင့် မှတ်ပုံတင်လျှောက်ထားနိုင်ကြောင်း၊ Online Shopping မှတ်ပုံတင်လျှောက်ထားခြင်းမရှိဘဲ Online မှ ရောင်းဝယ်မှုများပြုလုပ်ခြင်းများတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။ (၄၆၉)

# နိုင်ငံတကာ အားကစား သတင်းများ



## မာ့ခ်ဘာထရာ ကြွက်သားဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိ

**မက်ဒရစ် စက်တင်ဘာ ၂၄**

ဘက်တစ်အသင်း နောက်ခံကစားသမား မာ့ခ်ဘာထရာ ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘက်တစ်အသင်းက ဒီပို့တီဗိုအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မာ့ခ်ဘာထရာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘက်တစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား မာ့ခ်ဘာထရာသည် ဘက်တစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ပွဲကစားကာ ခြောက်ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။

(အပေါ်ဝဲပုံ)

(NGB)

## ဒေးဗစ်အလာဘာကို ခေါ်ယူရန် ယူနီယံဘာလင်အသင်းစီစဉ်

**မြူးနစ် စက်တင်ဘာ ၂၄**

ယူနီယံဘာလင်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်နောက်ခံကစားသမား ဒေးဗစ်အလာဘာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဘိုင်ယန်မြူးနစ်၊ ဟော်ဖန်ဟိမ်း၊ ရီးရဲလ်မက်ဒရစ်စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ယူနီယံဘာလင်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဒေးဗစ်အလာဘာကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ယူနီယံဘာလင်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ယူနီယံဘာလင်အသင်းအနေဖြင့် ဒေးဗစ်အလာဘာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ) (NGB)




## အာဂျင်တီးနားအသင်းတွင် ဆက်ရှိသွားမည်ဟု နည်းပြ စကာလိုနီအတည်ပြု



**ဗျူနိုအေးရိစ် စက်တင်ဘာ ၂၄**

အာဂျင်တီးနားလက်ရွေးစင်အသင်းနည်းပြ စကာလိုနီက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ နည်းပြသည် အာဂျင်တီးနားအသင်းကို ၂၀၁၈ ခုနှစ် ဩဂုတ် ၃ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀၄ ပွဲတွင် ၇၆ပွဲနိုင်၊ ၁၈ပွဲသရေ၊ ၁၀ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သလို၊ အသင်းကိုလည်း ၂၀၂၂ ကမ္ဘာ့ဖလား ဆွတ်ခူးရရှိနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြ စကာလိုနီက "ကျွန်တော် အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်"ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)

## ဥရောပထိပ်တန်းလိဂ် ငါးခုတွင် ဂိုးအများဆုံးသွင်းယူထားသူအဖြစ် ရာဖင်ဟာ မှတ်တမ်းဝင်

**ဘာစီလိုနာ စက်တင်ဘာ ၂၄**

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ် ငါးခုတွင် လက်ရှိအချိန်အထိ ဂိုးအများဆုံးသွင်းယူထားသူအဖြစ် ဘာစီလိုနာအသင်းတိုက်စစ်မှူး ရာဖင်ဟာက မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ် ခုနစ်ပွဲကစားပြီးနောက် ၁၂ဂိုးထိ သွင်းယူထားကာ ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ရာဖင်ဟာသည် ဂိုးအများဆုံးသွင်းယူထားသူအဖြစ် ထိပ်ဆုံးမှ ဦးဆောင်ထားပြီး ၄င်းနောက်တွင် ယာမဲလ်၊ ဘာပေတို့ အသီးသီး ရပ်တည်လျက်ရှိသည်။



အသက်(၂၉)နှစ်အရွယ်ရှိ ရာဖင်ဟာက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း သွင်းဂိုးတွေ ထပ်မံသွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## ကိုးလ်ပါလီမား အသေးစားဒဏ်ရာကြောင့် အင်္ဂလန်လက်ရွေးစင် အသင်းလူစာရင်းမှ နုတ်ထွက်

**လန်ဒန် စက်တင်ဘာ ၂၄**

အင်္ဂလန်လက်ရွေးစင်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကိုးလ်ပါလီမားသည် အသေးစားဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ကလပ်အသင်းဖြစ်သည့် ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ကိုးလ်ပါလီမား ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကိုးလ်ပါလီမားသည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲ ၁၄ပွဲကစားကာ နှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

(NGB)

## 2026 Jingshan Tennis Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂၈ ရက်တွင် စတင်မည်

**လန်ဒန် စက်တင်ဘာ ၂၄**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jingshan Tennis Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၂၈ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Jingshan Tennis Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၅ရက်အထိ ၉ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Jingshan Tennis Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အောက်ပုံ)

Jingshan Tennis Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ နယူးဇီလန်တင်းနစ်မယ် Lulu Sun တို့ဖြစ်သည်။ (NGB)



## အီဘရာဟင်မာဇာ စာချုပ်သက်တမ်းတိုးရန် လေဗာကူဆင်အသင်းစီစဉ်

**မြူးနစ် စက်တင်ဘာ ၂၄**

လေဗာကူဆင်အသင်းသည် ကွင်းလယ်ကစားသမား အီဘရာဟင်မာဇာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၉ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းထုတ်ပြန်ချက်တွင် "အီဘရာဟင်မာဇာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီ ရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



### နိုင်ငံတကာခြေစမ်းပွဲများ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၅-၉-၂၀၂၆ ညနေ ၄း၃၀ နာရီ | ဩစတြေးလျ - ဘရာဇီး |
| ၂၅-၉-၂၀၂၆ ည ၈း၃၀ နာရီ | အိန္ဒိယ - ပနားမား |

### ယူအီးအက်ဖ်အေနေးရှင်းလိဂ်(အုပ်စုအဆင့်ပွဲစဉ်များ) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၅-၉-၂၀၂၆ ည၁၀း၃၀နာရီ | ဂျော်ဂျီယာ - မြောက်အိုင်ယာလန် |
| ။ | အာမေးနီးယား - လက်ဗီးယား |
| ၂၆-၉-၂၀၂၆ နံနက်၀၁း၁၅နာရီ | အီတလီ - ဘယ်လ်ဂျီယံ |
| ။ | တူရကီ - ပြင်သစ် |
| ။ | ဟန်ဂေရီ - ယူကရိန်း |
| ။ | ပိုလန် - ဘော့စနီးယား |
| ။ | ဆွီဒင် - ရိုမေးနီးယား |
| ။ | မွန်တီနီဂရိုး - ဆိုက်ပရပ်စ် |

### အာဖရိကနိုင်ငံများဖလား(ခြေစစ်ပွဲစဉ်များ) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၅-၉-၂၀၂၆ ည၇း၃၀နာရီ | တန်ဇန်းနီးယား - ဂူနီယာဘစ်ဆော |
| ၂၅-၉-၂၀၂၆ ည၁၀း၃၀နာရီ | နိုင်ဂျီးရီးယား - မာဒါဂါစကာ |
| ။ | နိုင်ဂျာ - လီဆိုသို |
| ။ | ဂမ်ဘီယာ - ဆိုမာလီယာ |
| ၂၆-၉-၂၀၂၆ နံနက်၀၁း၃၀နာရီ | ဆီနီဂေါ - မိုဇမ်ဘစ် |
| ။ | အယ်ဂျီးရီးယား - ဇမ်ဘီယာ |
| ။ | ဘာကီနာဖာဆို - ဘီနင် |
| ။ | အီဂျစ် - အန်ဂိုလာ |

# အထပ်မြင့်မီးငြိမ်းသတ်ယာဉ်များ ယာဉ်စက်ကြံ့ခိုင်မှုနှင့် အသုံးပြုနိုင်မှုများ ဇာတ်တိုက်လေ့ကျင့်

**မန္တလေး စက်တင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဝယ်ယူပေးထားသော ပိုလန်နိုင်ငံထုတ် ခေတ်မီမီးသတ်ယာဉ်များ၊ အထပ်မြင့် မီးငြိမ်းသတ်ယာဉ်များ၊ LUF -60 မီးသတ်ယာဉ်နှင့် 10m Trailer Mounted မီးသတ်ယာဉ်များအား ယာဉ်စက်ကြံ့ခိုင်မှု၊ အသုံးပြုနိုင်မှုများနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၄၅လမ်းရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန စစ်ရေးပြကွင်းတွင် ကျင်းပခဲ့သည်။



ခေတ်မီ မီးသတ်ယာဉ်များ၊ အထပ်မြင့်မီးငြိမ်းသတ်ယာဉ်များအား မန္တလေးခရိုင် မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက ယာဉ်ကြံ့ခိုင်မှုနှင့်အသုံးပြုနိုင်မှုများ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးတို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(ဝ၄၅)

*–*–*–*–*–*

# မြို့နယ်အချို့၌ ဓားဦးချွန်နှင့် သုံးမြှောင့်စကေဘာ ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူ







**နေပြည်တော် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ ဓားဦးချွန်နှင့် သုံးမြှောင့်စကေဘာ ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သာကေတမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၃) မာန်ပြေရပ်ကွက် အရောက်၌ မသင်္ကာဖွယ်တွေ့ရှိသူ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်နေ ကိုအောင်မျိုးဦး(ခ) ဂျက်ကုလား(ခ)ဂျော်ကြီး(၂၇)နှစ်ဆိုသူအား စစ်ဆေးခဲ့ရာ ၎င်း၏ လွယ်အိတ်အတွင်းမှ အရှိုး၊ အသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သာကေတမြို့မရဲစခန်း မှ လက်နက်ဥပဒေဖြင့် လည်းကောင်း၊ အလားတူ ညနေ ၆ နာရီ မိနစ် ၅၀ တွင် ရွှေပြည်သာမြို့နယ်၊ လှော်ကားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ရွှေပြည်သာမြို့နယ်၊ စမ်းချောင်းကြီးကျေးရွာ (၃)လမ်း အရောက်၌ မသင်္ကာဖွယ်တွေ့ရှိသူ အဆိုပါ ကျေးရွာနေ ဦးချမ်းသက်ဝေ(ခ) ဝါကြီး(၃၂)နှစ်ဆိုသူအား စစ်ဆေးခဲ့ရာ ၎င်း၏ ခါးကြားမှ အရိုး၊ အသွား ရှစ်လက်မခန့်ရှိ သုံးမြှောင့်စကေဘာ တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လှော်ကားနယ်မြေရဲစခန်းမှ လက်နက်ဥပဒေဖြင့်လည်းကောင်း၊ ထို့ အတူ နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ထိန်ကုန်းရပ်ကွက်၊ ၁၄ ပေ တံတားအနီး အရောက်၌ ရတနာပုံလမ်းအတိုင်း မသင်္ကာဖွယ်လမ်းလျှောက်လာသူ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နေ ဦးဇင်မင်းစံ(ခ)ကိုငယ် (၄၀)နှစ်ဆိုသူအား စစ်ဆေးခဲ့ရာ ၎င်းထံမှ အရိုး၊ အသွား ၁၃ လက်မခွဲခန့်ရှိ ဓားဦးချွန် တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ လက်နက်ဥပဒေဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေး ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မီးလောင်မီးလန့်မှုများမဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မီးဘေးလုံခြုံရေးစစ်ဆေးခဲ့သည်။

အဆိုပါ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္ဓေကိုးဦး၊ အရန် ၂၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းကာ (က)ရပ်ကွက်အတွင်းရှိ လူနေအိမ်များနှင့် စက်ရုံ၊ အလုပ်ရုံများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး မီးသတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ဇင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

# အမျိုးသားတစ်ဦး အုတ်ရေတွင်းဟောင်းထဲပြုတ်ကျမှုဖြစ်ပွား

**မြင်းခြံ စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ(၈)တွင် အမျိုးသားတစ်ဦး အနက် ပေ ၃၀၊ အကျယ် ကိုးပေခန့်ရှိသော အုတ်ရေတွင်းအဟောင်းထဲသို့ ပြုတ်ကျမှု စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်နေရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ Myanmar Rescue (မြင်းခြံ)အသင်းမှ အဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အုတ်ရေတွင်းထဲပြုတ်ကျသူအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

(မိုးသီး)



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မတ္တရာ စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့၌ မြို့သန့်ရှင်းသာယာလှပစေရေး၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေးအတွက် ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မြို့မစည်ပင်သာယာဈေး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းစိုးနှင့် ဈေးတာဝန်ခံဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဈေးရောင်းချသူများအား ပလတ်စတစ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအတွက် ဆိုးကျိုးများ နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီး မှုများ၊ ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သည့် ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ အသားနှင့်ငါးများကို ကျန်းမာရေးနှင့်ညီညွတ်စွာ၊ သန့်ရှင်းစွာရောင်းချရန်၊ အလေးချိန်ကို မှန်ကန်စွာ ရောင်းချရန် စသည်တို့ကို အသိပညာပေးခြင်း၊ သက်တမ်းလွန်စားသောက်ကုန်များနှင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)ရွှေရာသား

> **အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**
>
> - မြို့နယ် နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈) ကီလိုမီတာထက် ပို၍ မမောင်းရ။
> - မြို့နယ် နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀) ကီလိုမီတာထက် ပို၍ မမောင်းရ။
> - လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။
>
> မန္တလေးတိုင်းဒေသကြီး
>
> ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

# အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀)ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၄**

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ်(၂၀)ချမှတ်ပြီး တိမ်းရှောင်တရားခံ မိုးမိုးအောင်(ခ)မမိုးနှင့် မဖြူ(ခ)အဖြူတို့နှစ်ဦးကိုရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ (၂၄)ရပ်ကွက်နေ အမျိုးသမီး နှစ်ဦးကို တစ်ရွာတည်းနေ မိုးမိုးအောင်(ခ)မမိုး၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သုခ(၂)ရပ်ကွက်နေ ခက်ခက်(ခ)နီနီဝင်း(ခ)မနီနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက်နေ မဖြူ(ခ)အဖြူတို့မှ တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၉၀/၁၀၀ ရရှိမည်၊ iPhone လည်းကိုင်ရမည်၊ အေးဆေးနေထိုင်ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ရွှေမန္တလာ ခရီးသည်တင် မော်တော်ယာဉ်ဖြင့် မန္တလေးမြို့သို့ ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်း(ပ)၄၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈(က)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ခက်ခက်(ခ)နီနီဝင်း(ခ)မနီအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မိုးမိုးအောင်(ခ)မမိုးနှင့် မဖြူ(ခ)အဖြူတို့နှစ်ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိလာသော သမ္မတ ရှီကျင့်ဖျင်အား အန်ဒရူးလေတပ်စခန်းတွင် ဒေါ်နယ်လ်ထရမ့်က ခရီးဦးကြိုဆိုနှုတ်ဆက်



**ပေကျင်း စက်တင်ဘာ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်ရန် စက်တင်ဘာ ၂၃ မွန်းလွဲပိုင်းတွင် အန်ဒရူး လေတပ်စခန်းသို့ ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတ ရှီကျင့်ဖျင်နှင့် ဇနီး ပင်းလီယွမ်တို့အား သမ္မတ ထရမ့်နှင့် ဇနီး မီလာနီယာထရမ့်တို့က လေယာဉ်ဆိုက်ရောက်ရာ လေဆိပ်တွင်ပင် ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်ဇနီးတို့ကို အမေရိကန်ကလေးငယ်များက ပန်းစည်းများ ဆက်ကာ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်တွင် တန်းစီ၍ အလေးပြုကြသည်။

ကြိုဆိုပွဲအခမ်းအနားတွင် နှစ်နိုင်ငံ အမျိုးသားသီချင်းများ တီးမှုတ်ခြင်းနှင့် လေယာဉ်များ ပျံသန်းအလေးပြုခြင်းတို့ ပါဝင်သည်။

သမ္မတ ရှီကျင့်ဖျင်က တရုတ်ပြည်သူများကိုယ်စား အမေရိကန်ပြည်သူများထံ သဝဏ်လွှာမှတစ်ဆင့် လှိုက်လှဲစွာ နှုတ်ခွန်းဆက်သပြီး ဆုမွန်ကောင်းတောင်းပေးလိုက်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀

## ပင်းစပိဒ်မီးရထားကုမ္ပဏီက မြန်နှုန်းမြင့် ရထားစက်ခေါင်းများ ဝယ်ယူရန် ဂျာမနီ စီးမန်းစ် မိုဘီလတီကုမ္ပဏီနှင့် စာချုပ်တစ်ရပ် လက်မှတ်ရေးထိုး

**ဟန္နိုင်း စက်တင်ဘာ ၂၄**

ဗင်းစပိဒ်မီးရထားကုမ္ပဏီသည် မြန်နှုန်းမြင့် ရထားစက်ခေါင်းများ ဝယ်ယူရန်အတွက် ဂျာမနီနိုင်ငံမှ စီးမန်းစ် မိုဘီလတီကုမ္ပဏီနှင့် ယူရို ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံ) တန်ဖိုးရှိ စာချုပ်တစ်ရပ်ယမန်နေ့က လက်မှတ်ရေးထိုးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကုမ္ပဏီနှစ်ခုအကြား ရှိနှင့်ပြီးသား ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသည့် အဆိုပါ သဘောတူညီချက်အရ ဗင်းစပီးဒ် ကုမ္ပဏီသည် ဟန္နိုင်းနှင့် ဟာလောင်းအကြား၊ ဟိုချီမင်းမြို့လယ် ဘင်သန်းနှင့် မြို့ပြင် ကန်ဂျိုးဒေသတို့အကြား ရထားလမ်းများ ခင်းကျင်းရန်နှင့် အမြန်နှုန်းမြင့်ရထားများ ပြေးဆွဲရန် ရည်ရွယ်ထားသည်။

အရှေ့တောင်အာရှ၏ အချမ်းသာဆုံးပုဂ္ဂိုလ်နှင့် ဗင်းစပီးဒ် ကုမ္ပဏီ၏ အဓိက အစုရှယ်ယာရှင် ဖမ်နတ်ဗူး၏ ပင်မကုမ္ပဏီဖြစ်သော ဗင်းဂရုက ထိုသတင်းနှင့် သဘောတူညီချက်၏ တန်ဖိုးပမာဏကို အတည်ပြုထားကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## ပိုလို ဟာရီကိန်းမုန်တိုင်း အဆင့်(၄) သို့ အားလျော့သွားသော်လည်း အလွန်အားကောင်းသည့် အခြေအနေတွင် ရှိနေသေးသည်ဟု ဆို

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၄**

မက္ကဆီကို ကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော ပိုလို ဟာရီကိန်းမုန်တိုင်းသည် အဆင့်(၄)သို့ အားလျော့သွားသော်လည်း အလွန်အားကောင်းသည့် အခြေအနေတွင် ရှိနေသေးသည်ဟု အမေရိကန် အမျိုးသား ဟာရီကိန်းဗဟိုဌာနက ထုတ်ပြန်ထားကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ယခုနှစ် မုန်တိုင်းရာသီအတွင်း အားအကောင်းဆုံး မုန်တိုင်းတစ်ခုဖြစ်သည့် အဆိုပါ ပစိဖိတ်ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ အနောက်တောင်ဘက် ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားပြီး ပြင်းထန်သော လေပြင်းများနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆောင်ကြဉ်းလာနိုင်သော်လည်း ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု မခန့်မှန်းရပေ။

အမေရိကန် အမျိုးသား သမုဒ္ဒရာနှင့် လေထုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့မှ စေလွှတ်သော ဟာရီကိန်းလေ့လာရေး လေယာဉ်တစ်စင်းသည် အင်္ဂါနေ့တွင် မုန်တိုင်းအတွင်းသို့ ပျံသန်းလေ့လာခဲ့ရာ တစ်နာရီလျှင် မိုင် ၁၈၀ (ကီလိုမီတာ ၂၈၅) နီးပါးရှိသော တိုက်လေပြင်းများနှင့်အတူ ပိုမိုအားပြင်းသည့် လေနီကြမ်းများ တိုက်ခတ်နေကြောင်း သိရသည်။

Mon



## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီဆာနေးတို့ ကာကွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု ထပ်လောင်းအတည်ပြု

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီ ဆာနေးတို့က ယမန်နေ့တွင် တွေ့ဆုံပြီး ကာကွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ လုံခြုံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို ထပ်လောင်းအတည်ပြုရန် သဘောတူညီခဲ့ကြောင်း သိရသည်။



ခေါင်းဆောင်နှစ်ဦးစလုံးက ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေး တက်ရောက်ရန် နယူးယောက်မြို့သို့ ရောက်ရှိနေကြခြင်း ဖြစ်သည်။

စက်တင်ဘာ ၂၂ ရက်တွင် ပြုလုပ်ခဲ့သော အဆိုပါ ထိပ်သီးဆွေးနွေးပွဲသည် မိနစ် ၃၀ ကျော်ကြာမြင့်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၏ စက်မှုကဏ္ဍ ကောင်းမွန်စွာ လည်ပတ်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများစွာ ရှိနေသည့်အတွက် ဂျပန်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းသည် ဂုဏ်ယူစရာဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားသည်။

၎င်းတို့၏ မဟာမိတ်ဆက်ဆံရေးခိုင်မာမှုကို ကမ္ဘာကို ပြသနိုင်မည့် အခွင့်အရေးကို ရယူလိုကြောင်း ဝန်ကြီးချုပ် ဆာနေး က ပြန်လည်ပြောကြားခဲ့သည်။

ထို့ပြင် ဉာဏ်ရည်တုနည်းပညာ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် အရေးပါသော သတ္တုသယံဇာတများကဲ့သို့သော ကဏ္ဍများတွင် စီးပွားရေးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း ဆာနေးက ထပ်လောင်းပြောကြားသည်။

စီးပွားရေးကဏ္ဍနှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၌ ခုနစ်နှစ် ဆက်တိုက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားသည့် နိုင်ငံဖြစ်ကြောင်း ဆာနေးက ထောက်ပြပြောဆိုခဲ့သည်။

ခေါင်းဆောင်နှစ်ဦးစလုံးက နှစ်နိုင်ငံ စီးပွားရေးဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ကတိကဝတ်ပြုထားကြောင်းကိုလည်း အတည်ပြုခဲ့ကြသည်။

ထို့ပြင် နိုင်ငံတကာ ငွေကြေးဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ ၎င်းတို့က အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

## မယ်တာကုမ္ပဏီ အေအိုင်နည်းပညာ ပစ္စည်းသစ်များ မိတ်ဆက် အသံစနစ်သာသီးသန့် ထည့်သွင်းထားသည့် စမတ်မျက်မှန် ပါဝင်

**ဝါရှင်တန် စက်တင်ဘာ ၂၄**

ကိုယ်ရေးကိုယ်တာလုံခြုံရေးဆိုင်ရာစိုးရိမ်မှုများနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား သဘောတူညီချက်မရှိဘဲ ရိုက်ကူးခြင်းဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်နေချိန်တွင် မယ်တာကုမ္ပဏီသည် ၎င်း၏ အာရုံစိုက်ကူညီသည့် အေအိုင်နည်းပညာစနစ်သုံး တပ်ဆင်အသုံးပြုနိုင်သော ပစ္စည်းသစ်များကို စက်တင်ဘာ ၂၃ ရက်တွင် မိတ်ဆက်ပြသရာ ကင်မရာမပါဘဲ အသံစနစ်သာသီးသန့် ထည့်သွင်းထားသည့် စမတ်မျက်မှန် အမျိုးအစားလည်း ပါဝင်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်သည် မန်လိုပါခ်ရှိ ကုမ္ပဏီဌာနချုပ်၌ ကျင်းပသည့် နှစ်ပတ်လည် ပေါင်းစည်းညီလာခံတွင် အဆိုပါ မျက်မှန်အမျိုးအစားသစ်များကို ကြေညာခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ တစ်ကိုယ်ရေသုံး အေအိုင်ကူညီရေးစနစ်သစ် မူးစ်ကိုလည်း ထည့်သွင်းမိတ်ဆက်သည်။

ယနေ့ခေတ် ကမ္ဘာပေါ်တွင် မျက်မှန်တပ်ဆင်သူ လူဦးရေ ၂ ဘီလီယံနီးပါးရှိနေပြီး လာမည့်နှစ်များအတွင်း အဆိုပါ မျက်မှန်အများစုကို အေအိုင်စမတ်မျက်မှန်များအဖြစ် အဆင့်မြှင့်တင် အသုံးပြုလာကြဖွယ်ရှိသည်ဟု နည်းပညာစွမ်းဆောင်ရှင်များနှင့် အရာရှိများ ပါဝင်သော ပရိသတ်ကို ဇူကာဘတ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



STOP AIDS

# ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း(၁/၂၀၂၆) ဖွင့်လှစ်



**မန္တလေး စက်တင်ဘာ ၂၄**

ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးနှင့် စိတ္တရမဟီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း (၁/၂၀၂၆)ကို စိတ္တရမဟီရပ်ကွက် ဆုတောင်းရဘုရားဓမ္မာရုံ၌ ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးက ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့သော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ToT မှ သင်တန်းဆင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေအကြောင်းအရာများအား သက်ဆိုင်ရာရပ်ကွက်နေ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပြည်သူလူထုထံသို့ ပို့ချခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်က လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းကို သင်တန်းသား ၃၀ ဦး၊ သင်တန်းသူ ၂၀ ဦး၊ စုစုပေါင်း ၅၀ ဦး တက်ရောက်ကြပြီး ကျန်ရှိနေသော ဥပဒေဘာသာရပ်များကိုလည်း ပြက္ခဒိန်နှစ်အတွင်း သင်တန်းအပတ်စဉ်အလိုက် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ချမ်းမြေ့မောင်(ပြန်/ဆက်)**

*-*-*-*-*-*-*

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) အဆိုပြုလွှာရေးသားနည်းသင်တန်းဖွင့်လှစ်

**မိတ္ထီလာ စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)အဆိုပြုလွှာရေးသားနည်းသင်တန်းကို ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) ကို ညောင်မြင့်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ငွေစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာမှ အစုအဖွဲ့လေးဖွဲ့အား အဆိုပြုလွှာရေးသားနည်းသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ရာ အဆိုပါ သင်တန်းကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးထိုက်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းအဆိုပြုလွှာရေးသွင်းနည်းနှင့် ငွေစာရင်းထိန်း သိမ်းနည်းသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် စီမံကိန်းတာဝန်ခံက အဆိုပြုလွှာရေးသွင်းနည်းနှင့် ငွေစာရင်းပုံစံများ ဖြည့်သွင်းခြင်းကို ကျေးရွာကော်မတီဝင်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့များအား ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၆၉)**

# သစ်သီးများ စိုက်ပျိုး၊ ခူးဆွတ်၊ တင်ပို့ ရောင်းချခြင်းသင်တန်း ဖွင့်လှစ်



**ပုသိမ်ကြီး စက်တင်ဘာ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းတွင် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်သည်မှ ရိတ်သိမ်း၊ ခူးဆွတ်၊ တင်ပို့ရောင်းချခြင်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါ သင်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူများ တက်ရောက်ကြပြီး စက်တင်ဘာ ၂၃ရက်မှ ၂၅ရက်အထိ သုံးရက်ကြာ ဟင်းသီးဟင်းရွက်နှင့် သီးနှံများ ခူးဆွတ်၊ ရိတ်သိမ်းခြင်း၊ တင်ပို့ရောင်းချခြင်း၊ ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နို ပြုလုပ်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ ၁၀ ခု သင်ကြားပို့ချပေးခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းများအား ဝန်ထမ်းနှင့်တောင်သူများသို့ နည်းပညာဖြန့်ဖြူးလျက်ရှိရာ ဝန်ထမ်းသင်တန်း အကြိမ် (၁၁၀)၊ တောင်သူသင်တန်း (၉၂)ကြိမ် ဖွင့်လှစ်ခဲ့ပြီး မိမိဒေသသို့ ပြန်လည်ရောက်ရှိပါက နည်းပညာဆင့်ပွားသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄၅)**



# အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)တွင် ငလျင်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

**မကွေး စက်တင်ဘာ ၂၄**

သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)တို့ ပူးပေါင်း၍ ငလျင်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)တွင် ကျင်းပရာ ကျောင်းအုပ်ကြီး ဦးခင်မောင်ညွန့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ငလျင်ဘေးအန္တရာယ်များ ကြုံတွေ့လာပါက အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးမှု လျော့နည်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် ရင်ဆိုင်ကြုံတွေ့လာပါက ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ငလျင်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်မှုအဖြစ် ငလျင်လှုပ်ခတ်ခြင်းအကြောင်း အချက်ပေးခြင်းနှင့်အတူ ကျောင်းသား၊ ကျောင်းသူများက ဝပ်၊ ကာ၊ ကိုင်ပုံစံဖြင့် နေရာယူခြင်း၊ ငလျင်လှုပ်ခတ်မှုငြိမ်သက်ပါက အဆောက်အအုံနှင့် ဘေးလွတ်ကင်းရာကွင်းပြင်နေရာများတွင် နေရာယူခြင်းတို့ကို သရုပ်ပြသကြသည်။

ဆက်လက်၍ ကယ်ဆယ်ရေး အဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစု၍ သရုပ်ပြသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက ဆေးဝါးကုသမှု သရုပ်ပြသခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာအဖွဲ့က ယာဉ်၊ ယန္တရားများဖြင့် ဘေးကင်းလုံခြုံသည့် နေရာများသို့ ပို့ဆောင်ပေးခြင်းစသည့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသမှုများကို သရုပ်ပြသခဲ့ကြသည်။

အဆိုပါ ငလျင်ဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းတွင် မကွေးမြို့၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂၀ ဦးဖြင့် ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

# ရေပေးဝေရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေး 88 KW ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးကျေးလက်မြစ်ရေတင် သောက်သုံးရေပေးဝေရေးလုပ်ငန်း တောင်ဇင်းရေပိုက်လိုင်းရှိ ရှင်မိန့်ရေစက်ရုံတွင် ကျေးရွာများသို့ ရေဖြန့်ဝေပေးရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေးအတွက် 88 KW ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက World Vision အဖွဲ့၏အကူအညီဖြင့် Mega Globle Green အဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ နတ်သမီးကမ်းပါး မြစ်ရေတင်စနစ်ဖြင့် သောက်သုံးရေပေးဝေလျက်ရှိသော တောင်ဇင်းရေပိုက်လိုင်းရှိ ရှင်မိန့်ရေစက်ရုံတွင် ကျေးရွာများသို့ ရေဖြန့်ဝေပေးရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်အတွက် ယခုနှစ် ဇူလိုင် ၁ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ 88 KW ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် စမ်းသပ်မောင်းနှင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



# ကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်တွင် သံဃာတော် အပါး ၂၅၇၀ ဆွမ်းလောင်းလှူမည်



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးမြို့ရှိ ကျောက်တော်ကြီးမြတ်စွာဘုရား၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ယခုနှစ် သာသနာတော်နှစ် ၂၅၇၀ ကို ရည်မှန်း၍ သံဃာတော် ၂၅၇၀ ပါးအား ဆွမ်းလောင်းလှူပူဇော်မည်ဖြစ်ကြောင်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ ဦးကျော်ဝင်းက ပြောသည်။

ကျောက်တော်ကြီးမြတ်စွာဘုရားကို မင်းတုန်းမင်းတရားကြီးက မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ပြီး ယခုနှစ်တွင် သက်တမ်း ၁၆၁ နှစ်ရှိပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်ကတည်းက ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရားနှင့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတို့တွင် ဗုဒ္ဓပူဇနီယပွဲတော်များ ကျင်းပခဲ့ပြီး ကျောက်တော်ကြီးဘုရားတွင် ဗုဒ္ဓပူဇနီယပွဲတော်၊ စန္ဒာမုနိဘုရားနှင့်ကုသိုလ်တော်ဘုရားတို့တွင် ဆွမ်းလောင်းပွဲတော်များအဖြစ် ကျင်းပခဲ့သည်။

ယခုနှစ်တွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော် ၁၂၈၅ ပါးနှင့် ကျန်မြို့နယ် ၆ မြို့နယ်မှ သံဃာတော် ၁၂၈၅ ပါး စုစုပေါင်း သံဃာတော် ၂၅၇၀ ပါးကို ပင့်ဖိတ်၍ ဆွမ်းလောင်းလှူပူဇော်မည်ဖြစ်သည်။

ထို့အပြင် သီလရှင်ဆရာကြီး၊ ဆရာလေးများကိုလည်း သာသနာတော်နှစ်အလိုက် ပင့်ဖိတ်ပူဇော်လျက်ရှိရာ ယမန်နှစ်တွင် ၂၅၆၉ ပါး၊ ယခုနှစ်တွင် အပါး ၂၅၇၀ ပင့်ဖိတ်မည်ဖြစ်သည်။

ပွဲတော်အတွက် ဈေးဆိုင်ခန်းများကို အောက်တိုဘာ ၄ရက်တွင် နေရာချထားပြီး တည်ဆောက်မှုများလည်း ပြီးစီးမည်ဖြစ်ကာ ပွဲတော်ကာလအတွင်း ဈေးဆိုင်များ စုံလင်စွာဖွင့်လှစ်ရောင်းချနိုင်ရန် စီစဉ်ထားသည်။

ထို့ပြင် ဇာတ်မင်းသားဖိုးချစ်၊ ချစ်စွမ်းသာနှင့် သူရဝင်းထွဋ်တို့၏ ဇာတ်ပွဲများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး ရုံဝင်ကြေးမယူသည့် ဇလာပွဲများလည်း ပါဝင်မည်ဖြစ်သည်။ ပွဲတော်အတွင်း ကလေးများအတွက် ကစားစရာများ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ အပြင် ပင်လယ်ဓားပြလှေ စသည့် ကလေးကစားစရာများကိုလည်း သတ္တဌာနအဆောင်တော်ရှေ့တွင် စီစဉ်ထားမည်ဖြစ်သည်။

ဘုရားဖူးပြည်သူများ အနားယူနိုင်ရန် သုဓမ္မာဇရပ်တော်ကြီးနှင့် ရွှေသိမ်တော်နေရာများတွင် ပန်းအလှဆင်ခြင်းနှင့် လျှပ်စစ်မီးအလှဆင်ခြင်းများ ဆောင်ရွက်ထားကြောင်း၊ စန္ဒဇရပ်နှင့်ပေါင်းကူးဇရပ်တို့တွင်လည်း LED မီးများဖြင့် အလှဆင်ထားကြောင်း ဂေါပကအဖွဲ့ထံက သိရသည်။

ယခုနှစ်ပွဲတော်တွင် ဘုရားဖူးပြည်သူများအတွက် ဘုရားဖူးခြင်း၊ အနားယူခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ ကြည့်ရှုခြင်းနှင့် အစားအသောက်၊ ဈေးဝယ်ခြင်းများ ပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) ရွှေမန်း**

# တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၄**

တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းက တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများကို လမ်းညွှန်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်က တရားစွဲနှင့်အမှုလိုက်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

၎င်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဥပဒေချုပ်က အမှာစကားပြောကြားရာ၌ ယခုဆွေးနွေးပွဲသည် ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၉ မဟာဗျူဟာစီမံကိန်းပါ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ရသည့် ဥပဒေအရာရှိများအနေဖြင့် နိုင်ငံတော်သစ္စာကို စောင့်သိရိုသေရန်လိုအပ်ကြောင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နစ်နာသူများအပေါ် ဥပဒေနှင့်အညီအကာအကွယ် ရရှိရေးသည် အရေးကြီးကြောင်း၊ အမှုများကို မှန်ကန်မြန်ဆန်ပြီး အဂတိကင်းစွာ ဆောင်ရွက်သွားရန်၊တရားစွဲအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဥပဒေရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့ပြေးဥပဒေရုံး (Pilot Law Office) လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်က တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများကို ရှေ့နေချုပ်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အလေးထားဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများ ဥပဒေအသိပညာဗဟုသုတရရှိစေရေးအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေအရာရှိ ကျင့်ဝတ်များနှင့်အညီ ပြုမူနေထိုင်လုပ်ကိုင်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ပြီး ခရိုင်နှင့် မြို့နယ်ဥပဒေရုံးခုနစ်ရုံးမှလည်း Zoom Meeting ဖြင့် အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**





# ပုသိမ်ကြီးမြို့နယ်တွင် အထည်ချုပ်လုပ်ငန်းငယ်များအတွက် ငှားရမ်းခသက်သာမှုနှင့် လုပ်သားရရှိနိုင်မှု အားသာချက်ဖြစ်နေ

**ပုသိမ်ကြီး စက်တင်ဘာ ၂၄**

မန္တလေးမြို့အနီး ပုသိမ်ကြီးမြို့နယ်အတွင်း အထည်ချုပ်လုပ်ငန်းငယ်များ လုပ်ကိုင်သူများအနေဖြင့် မြေနေရာကျယ်ဝန်းမှု၊ ငှားရမ်းခသက်သာမှုနှင့် လုပ်သားရရှိနိုင်မှုတို့ကြောင့် လုပ်ငန်းလည်ပတ်ရာတွင် အဆင်ပြေမှုရှိကြောင်း လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ပုသိမ်ကြီးမြို့နယ်အတွင်း မြို့ပေါ်ဒေသများထက် ကျယ်ဝန်းသည့် လုပ်ငန်းနေရာများရရှိနိုင်ပြီး အထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သည့် စက်ရုံ၊ အလုပ်ရုံနှင့် ကုန်ပစ္စည်းသိုလှောင်ရန် နေရာများကို တစ်နေရာတည်းတွင် စီစဉ်အသုံးပြုနိုင်ခြင်းက အားသာချက်တစ်ရပ်ဖြစ်သည်။

ထို့အပြင် လုပ်ငန်းနေရာငှားရမ်းခမှာလည်း မြို့တွင်းစီးပွားရေးအချက်အချာကျသည့် နေရာများထက် သက်သာနိုင်သည့်အတွက် အရင်းအနှီးအကန့်အသတ်ရှိသည့် လုပ်ငန်းငယ်များအတွက် လုပ်ငန်းစတင်ရန်နှင့် တိုးချဲ့ရန် အထောက်အကူဖြစ်စေကြောင်း လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

အထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သည့် လုပ်သားအင်အားကို ပုသိမ်ကြီးနှင့် အနီးဝန်းကျင်ဒေသများမှ ရရှိနိုင်ခြင်းကြောင့်လည်း လုပ်ငန်းလည်ပတ်ရာတွင် အဆင်ပြေလျက်ရှိသည်။

"မြို့ထဲမှာ နေရာငှားရင် အခန်းကျဉ်းပြီး ငှားရမ်းခကလည်း ပိုများတတ်တယ်။ ဒီဘက်မှာတော့ နေရာကျယ်ကျယ်ရနိုင်ပြီး အလုပ်သမားတွေလည်း ရှာရလွယ်တာကြောင့် လုပ်ငန်းငယ်တွေအတွက် အဆင်ပြေတယ်"ဟု ပုသိမ်ကြီးမြို့နယ်အတွင်း အထည်ချုပ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

အထည်ချုပ်လုပ်ငန်းငယ်များအတွက် မြေနေရာငှားရမ်းခ၊ လုပ်သားစရိတ်နှင့် သယ်ယူပို့ဆောင်ရေးစရိတ်များသည် ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် သက်ရောက်သည့် အချက်များဖြစ်သည့်အတွက် လုပ်ငန်းတည်နေရာရွေးချယ်ရာတွင် အဆိုပါအချက်များကို ထည့်သွင်းစဉ်းစားကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ကိုစိုင်း(မန္တလေးနေ့စဉ်)**

# မန္တလေးကားဝယ်ရောင်းဈေးကွက်တွင် လုပ်ငန်းသုံးတစ်ပတ်ရစ်ကားများ အရောင်းအဝယ်သွက်လက်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးမြို့ရှိ ကားဝယ်ရောင်းဈေးကွက်အတွင်း လုပ်ငန်းသုံးတစ်ပတ်ရစ် မော်တော်ယာဉ်အမျိုးအစားများသည် စက်တင်ဘာလအတွင်း အရောင်းအဝယ် သွက်လက်လျက်ရှိကြောင်း ကားဝယ်ရောင်းလုပ်ငန်းရှင်များထံမှ သိရသည်။



လက်ရှိရက်ပိုင်းအတွင်း လူကြိုက်များသည့် ခွေးဘီလူးကားများအနက် အင်ဂျင်ပါဝါ ၆၆၀ စီစီရှိ ကားအမျိုးအစားများကို ဝယ်ယူသူများပြားလာသဖြင့် အရောင်းအဝယ် သိသိသာသာ တိုးတက်လာသည်။ အဆိုပါ ကားအမျိုးအစားများ၏ ဈေးနှုန်းများမှာလည်း ယခင်လများထက် အနည်းငယ်မြင့်တက်လာသည်။

လုပ်ငန်းသုံးကားများအနက် Hijet အမျိုးအစားကို အဓိက ဝယ်ယူမှုများပြားပြီး Suzuki၊ Honda နှင့် Mitsubishi အမျိုးအစားများမှာလည်း အရောင်းအဝယ် သွက်လျက်ရှိသည်။ ယင်းကားများ၏ ဈေးနှုန်းမှာ ကားအမျိုးအစား၊ ထုတ်လုပ်သည့် ခုနှစ်နှင့် ကားအနေအထားတို့အပေါ် မူတည်၍ ငွေကျပ် သိန်း ၄၀၀ ကျော်မှ ၉၀၀ ဝန်းကျင်အထိရှိသည်။

လုပ်ငန်းသုံးကားများကို ဝယ်ယူရာတွင် ပြင်ဆင်ထိန်းသိမ်းစရိတ်နည်းပါးခြင်း၊ ပြင်ဆင်ရမှုနည်းခြင်းနှင့် ဆီစားသက်သာခြင်းတို့ကြောင့် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ယင်းအချက်များကို အဓိကထား၍ ဝယ်ယူလာပြီး ထို့အပြင် ခွေးဘီလူးကားများသည် လုပ်ငန်းသုံးအတွက် သင့်လျော်သည်ဖြစ်ရာ ဝယ်ယူသူများအကြား ရေပန်းစားလျက်ရှိသည်။

ဂျပန်နိုင်ငံထုတ် Hijet၊ Suzuki၊ Honda၊ Mitsubishi အစရှိသည့် လုပ်ငန်းသုံးကားများနှင့်အတူ တရုတ်နိုင်ငံထုတ်လုပ်ငန်းသုံးမော်တော်ယာဉ်အမျိုးအစားများမှာလည်း မန္တလေးကားဝယ်ရောင်းဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

*-*-*-*-*-*

# တရားဦး ဓမ္မစကြာတရားတော်(၆)

## ဒေါက်တာခင်ဝင်းကြည်

လိုချင်တဲ့(သက်ရှိ၊ သက်မဲ့)အရာတွေ ပစ္စည်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် မရရအောင် ဒုက္ခခံကြိုးစားလို့ ရပြီဆိုပါစို့။ ရပြန်တော့လည်း ဒီပစ္စည်း၊ ဒီလူကို လက်လွှတ်ဆုံးရှုံးသွားတာမျိုး မကြုံရအောင် ပူရပင်ရ၊ နည်းမျိုးစုံနဲ့ကြိုးစားနေကြရတာ ပင်ပန်းလိုက်တာ။ ဒုက္ခပါပဲ။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဆိုတဲ့ ရန်သူမျိုး ငါးပါးကလည်း ဘယ်အချိန်ဒုက္ခပေးမလဲ ခန့်မှန်းလို့မှ မရတာ။ ဒုက္ခပဲပေါ့။

ဒါက ဂါထာ(၄)မှာ ဘုရားရှင် ညွှန်ပြတော်မူခဲ့တဲ့ ဘယ်သူမှ၊ ဘယ်အချိန်မှ ငြင်းလို့မရ လက်ခံကြရမယ့် အမှန်တရားတွေဖြစ်လို့ သစ္စာတရား။

ဒုက္ခနဲ့ပတ်သက်တဲ့ မဖောက်မပြန် မှန်ကန်တဲ့အချက်ကို ဖော်ပြတာဖြစ်လို့ ဒုက္ခသစ္စာဖြစ်ပါတယ်။

ဘုရားရှင်က အဲ့ဒီဒုက္ခ ခုနစ်မျိုးကို လူတိုင်းမြင်သာအောင် မိန့်တော်မူပြီးနောက် **ဒီဒုက္ခအားလုံးရဲ့ အကျဉ်းချုပ်အနေနဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးကို ရရှိထားခြင်းသည်ပင် ဒုက္ခဖြစ်ကြောင်း** မိန့်တော်မူခဲ့ပါတယ်။

ခန္ဓာငါးပါးဆိုတာ "ခန္ဓာ"ဆိုလို့ အကောင်အထည်ဒြပ်နဲ့ မြင်သာ၊ ထင်သာတဲ့ ခန္ဓာတွေလို့ ပြောတာမဟုတ်ပါဘူး။

**ခန္ဓာ**ဆိုတာ ပါဠိစကား **အစု၊ အပေါင်းအစု၊ အစုအပုံ၊ စုပေါင်းထားရှိတာ၊ တည်ရှိတာကို** ဆိုလိုတာ ဖြစ်ပါတယ်။

**(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၃၂၅)**

**ခန္ဓာငါးပါး**ဆိုတာ-

| | | |
|---|---|---|
| ရူပက္ခန္ဓာ | = | ရုပ်တရားများရဲ့အစု |
| ဝေဒနာက္ခန္ဓာ | = | အာရုံကို ခံစားခြင်း(ဝေဒနာ)အစု |
| သညာက္ခန္ဓာ | = | အာရုံ၏သဘောကို မှတ်တတ်သော သညာ၏အစု |
| သင်္ခါရက္ခန္ဓာ | = | ပြုပြင်စီရင်တတ်သော တရားအစု |
| ဝိညာဏက္ခန္ဓာ | = | အာရုံကိုသိခြင်း သဘောများအစု |

**(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၇၂၇၊ ၈၀၉၊ ၈၃၅၊ ၈၂၈၊ ၇၇၄၊ ၂၂၄)**

"ဥပါဒါန"ဆိုတာက စွဲလမ်းခြင်း၊ ကပ်ငြိခြင်းဆိုတော့ ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာ ကျွန်မတို့ မွေးလာပါပြီဆိုကတည်းက (စာသံ၊ပေသံနဲ့ဆိုရင် ဇာတိဆိုတာ စလာပါပြီဆိုကတည်းက) စပြီး စုလာခဲ့ကြတဲ့ ခန္ဓာငါးပါး စွဲလမ်းတပ်မက်လာကြတဲ့ ခန္ဓာငါးပါး။

အဲ့ဒီ ဥပါဒါနက္ခန္ဓာ ငါးပါးစပြီးစုမိလိုက်ပြီဆိုကတည်းက (ဘဝစပါပြီဆိုကတည်းက၊ ဇာတိစမိပြီဆိုကတည်းက)ဒုက္ခတွေ စလာလိုက်တာ။ ဒုက္ခမျိုးစုံ။

နေ့စဉ်လက်တွေ့ဘဝမှာ စားဝတ်နေရေး၊ လူမှုရေးတွေအတွက် လုံးပန်းရတာလည်း မောနေတာ မဟုတ်ပါလား။ နည်းတာနဲ့ များတာပဲ ကွာပါတယ်။

ဒါတွေထက်ကို မြတ်စွာဘုရားရှင် ညွှန်ပြမိန့်ကြားတော်မူခဲ့တဲ့ အထက်ကပြောခဲ့တဲ့ ဒုက္ခခုနစ်မျိုး အကျဉ်းအားဖြင့် (သံခိတ္တေန)ငါးပါး (ပဉ္စ)ရှိတဲ့ ကျွန်မတို့အားလုံး အသီးသီးမှာ ရှိနေတဲ့ **စွဲလမ်းနေတဲ့ ခန္ဓငါးပါးအစု** ရှိလာပါပြီဆိုကတည်းက **ဒုက္ခတွေက** မျိုးစုံကြုံနေခဲ့ကြရတာ၊ ကျွန်မတို့က သတိမထားမိကြလို့သာ၊ နက်နက်နဲနဲ မတွေးမိ၊ မစဉ်းစားမိကြလို့သာ။

စိတ်ကို ပူလောင်နှိပ်စက်တတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အစရှိတဲ့ ကိလေသာတရားဆိုး အားလုံးကို ပယ်ဖြတ်ပြီးဖြစ်တဲ့ ဘုရားရှင်အပါအဝင် ရဟန္တာအရှင်သူမြတ်များတောင်မှ ခန္ဓာဒုက္ခဖြစ်တဲ့ **မွေးဖွားလာရခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရား**တို့ကို ပရိနိဗ္ဗာန်စံတော်မူတဲ့အချိန်အထိ ရှောင်လွှဲလို့ မရခဲ့ပါဘူး။

ဒါကြောင့် **မင်းကွန်းဆရာတော်ကြီး**က ဒီဒုက္ခ လေးမျိုးကို **အမြစ်ဒုက္ခ လေးပါး** အရင်းအမြစ်အကျဆုံး အခြေခံအကျဆုံး ဒုက္ခလေးမျိုးဆိုပြီး မိန့်တော်မူခဲ့တာ ကျွန်မ နာဖူး၊ ကြားဖူးပါတယ်။

ဆရာတော်ကြီးက ကျွန်မတို့ မြန်မာလို မှတ်ရလွယ်အောင် ကဗျာပုံစံလေး ရေးတော်မူခဲ့တာ မျှဝေပါရစေ။

**"ပဋိသန္ဓေ အို၊ နာ၊ သေဟု**
**လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏။**
**မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလည်းမရ**
**အကျဉ်းပြသော်၊ ပဉ္စဥပါဒါ၊ ငါးခန္ဓာ**
**သစ္စာဒုက္ခ၊ မှန်လေစွ"**

ဒီလိုလေးဆို အလွန်လွယ်သွားတယ်ထင်ပါတယ်။ ဒါလေးကို **အဓိပ္ပာယ်သိသိလေးနဲ့ ရွတ်ဆိုနေရင်ကိုပဲ** ဝိ(အထူး)ပဿန (ရှုခြင်း၊ ဆင်ခြင်ခြင်း)ဖြစ်လို့ **ဝိပဿနာအလုပ်၊ တရားရှုမှတ်နေတာ** ဖြစ်ကြောင်းပါ။

### ဂါထာ(၅) သမုဒယသစ္စာ(ဒုတိယသစ္စာ)

ဒုက္ခတွေက နေရာတကာမှာ တွေ့နေရတာ။ သုခဆိုတဲ့ ချမ်းသာမှုလေး နည်းနည်းရဖို့ ဒုက္ခတွေခံပြီး ကြိုးစားလိုက်ရတာက များများ ဆိုတာမျိုးဖြစ်နေတာ။

ဒီဒုက္ခတွေက **ဘယ်လိုအကြောင်းတွေကြောင့် ဖြစ်နေတာပါလိမ့်။**

ဒီမေးခွန်းကို သစ္စာလေးပါးထဲက ဒုတိယသစ္စာဖြစ်တဲ့ **သမုဒယသစ္စာ**မှာ မြတ်စွာဘုရားရှင်က ဖြေဆိုတော်မူခဲ့ပါတယ်။

သမုဒယ = အကြောင်းတရား၊ ဖြစ်ပေါ်စေတဲ့အကြောင်း

**(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၈၆၅)**

ဘယ်အရာမှ အကြောင်းတရားမရှိဘဲ ဖြစ်တယ်ဆိုတာ လုံးဝမရှိပါဘူး။ ဖြစ်ပျက်သမျှအရာအားလုံးဟာ တစ်စုံတစ်ခုသော အကြောင်းတရားကြောင့် ဒါမှမဟုတ် အကြောင်းတရားများ ပေါင်းဆုံလာသောကြောင့်သာလျှင် ဖြစ်လာပါတယ်။ ပျက်သွားတယ်။ **အကြောင်းမဲ့ ဖြစ်တယ်၊ ပျက်တယ်ဆိုတာမျိုး လောကကြီးမှာ မရှိပါဘူး။**

ဒါက ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ တရားအားလုံးရဲ့ အခြေခံသဘောတရားတစ်ခုဖြစ်ပါတယ်။

ဒီတော့ **ဒုက္ခရှိရင် ဒီဒုက္ခတွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရား ရှိရမယ်ပေါ့။**

အဲ့ဒီအကြောင်းတရားဟာလည်း သဘာဝလောကကြီးမှ လွန်နေတဲ့၊ ကျော်လွန်နေတဲ့ ကျွန်မတို့ ဘယ်လိုမှ လက်လှမ်းမမီတဲ့ သဘာဝလွန်သဘောတရား(များ) Super Natural Agents or Powersတွေ မဟုတ်ပါဘူး။ ထာဝရဘုရားသခင် (Eternal God)၊ နတ်ဘုရားများ (Gods)၊ မာရ်နတ်(Satan Devil) ဆိုတာမျိုးတွေကို ဒုက္ခအားလုံးရဲ့ အကြောင်းတရားအဖြစ် ဆွဲသွင်းလာလို့ မရပါဘူး။ သဘာဝလောက၊ သဘာဝတရားကြီး (Natural World) အတွင်းမှာ ကျွန်မတို့ သိမြင်နားလည်နိုင်တဲ့ အကြောင်းတရား(များ)ပဲ ဖြစ်ရပါမယ်။

**ဒီကြောင်းကျိုးဆက်နွှယ်မှုသဘောတရား** (Principle of Causal Relation) ဟာ ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားဆုံးမတော်မူခဲ့တဲ့ တရားအားလုံးရဲ့ **အခြေခံသဘောတရား**တစ်ခု (Basic Principle)ဖြစ်ပါတယ်။

အဲ့ဒီအခြေခံသဘောတရားအရ **ဒုက္ခရဲ့အကြောင်းတရားကို** ရှာလိုက်တဲ့အခါ မြတ်စွာဘုရားရှင်က-

| | | | |
|---|---|---|---|
| ၁။ | **တဏှာ** | = | တပ်မက်မောခြင်း၊ လောဘ |
| ၂။ | **နန္ဒီ** | = | နှစ်သက်ခြင်း |
| ၃။ | **ရာဂ** | = | တပ်မက်မှုလို့ သုံးမျိုး မိန့်ခဲ့ပါတယ်။ |

**(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၃၉၉၊ ၄၆၈၊ ၇၂၁)**

တစ်ခါတစ်ရံ **လောဘ**(လိုချင်ခြင်း)၊ **သံယောဇဉ်**(တွယ်ငြိခြင်း) ဆိုတာတွေကိုလည်း ဒုက္ခရဲ့အကြောင်းတရားများအဖြစ် ဆုံးမတော်မူခဲ့တာ တွေ့ရပါတယ်။ သဘောတရားအတူတူပါပဲ။

လိုချင်လို့၊ တပ်မက်လို့၊ နှစ်သက်လို့သာ၊ စွဲလမ်းငြိတွယ်နေလို့သာ အဲ့ဒီလိုချင်တပ်မက်နှစ်သက်စွဲလမ်းနေတဲ့အရာ(သက်ရှိ၊ သက်မဲ့)ကို မရမချင်း ရအောင်လုပ်ရ ဒုက္ခ။

ရပြန်တော့လည်း မပျောက်ပျက်ရအောင်၊ မဆုံးရှုံးရအောင် ထိန်းရ၊ သိမ်းရ၊ စောင့်ရှောက်ရ၊ ဆုံးရှုံးမှာပူပန်ရနဲ့ ဒါလည်း ဒုက္ခ မဟုတ်ပါလား။

ဘုရားရှင်ကတော့ သတိပေးဆုံးမတော်မူပါတယ်။ အဲ့ဒီတဏှာ စသည်တို့ကြောင့်ပဲ နောက်ထပ် ဘဝတွေ ဘဝတွေ အသစ် အသစ်ထပ်ဖြစ်(ပေါနောဗ္ဘဝိကာ)ပြီး ဒုက္ခတွေ ထပ်ခါထပ်ခါဖြစ်။ ဒုက္ခသံသရာ(လည်ပတ်တာတွေ)မရပ်မနားဖြစ်နေတာဆိုတာကို ရှင်းပြတော်မူခဲ့ပါတယ်။

ဒုက္ခဖြစ်တာရဲ့ အဓိကအကြောင်းရင်းကိုတော့ သုံးချက်ဟောခဲ့ပါတယ်။

၁။ **ကာမတဏှာ**

ကာမဂုဏ်အာရုံငါးပါး(အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ)တို့ကို မက်မောသာယာခြင်း၊ နှစ်သက်လိုလားခြင်း၊ စွဲလမ်းခြင်း။

၂။ **ဘဝတဏှာ**

ဘဝကို မက်မောတွယ်တာခြင်း။

၃။ **ဝိဘဝတဏှာ**

ဘဝပြတ်လိမ့်မည်ဟူသော အယူမှား(ဥစ္ဆေဒ မိစ္ဆာဒိဋ္ဌိ)အပေါ် အခြေခံ၍ ဘဝမရှိတော့တဲ့အဖြစ်ကို လိုလားတပ်မက်ခြင်း။

ဒီအဓိကအကျဆုံးဖြစ်တဲ့ ဒုက္ခရဲ့အကြောင်းတရား သုံးခုကို မှတ်မိလွယ်အောင် **မင်းကွန်းဆရာတော်ကြီး** ရေးစပ်တော်မူခဲ့တဲ့ ကဗျာလေးကို မျှဝေပါရစေ။

**"ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ သုံးပါးမှာ၊ သစ္စာ သမုဒယ မှန်လေစွ"**

ဒုက္ခရဲ့အကြောင်းတရားက တဏှာ။

အဲ့ဒီတဏှာက သုံးမျိုးရှိပါတယ်ဆိုတာကို အတိုချုံးပြောတာပါ။

### ဂါထာ(၆) နိရောဓသစ္စ(တတိယသစ္စာ)

| | | |
|---|---|---|
| **နိရောဓ** | = | ဝဋ်ဆင်းရဲများ ချုပ်ငြိမ်းသွားခြင်း |
| | = | ဆင်းရဲမျိုးစုံကြုံရသောဘဝများ၌ လှည့်ပတ်ကျင်လည်ရသည့်အဖြစ်မှ လွတ်မြောက်ခြင်း၊ |
| | = | ရာဂစသည်တို့ ချုပ်ငြိမ်းခြင်း။ |

**(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၈၃၂)**

တတိယသစ္စာတရားက ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ခြင်းနဲ့ပတ်သက်တဲ့ သစ္စာဖြစ်ပါတယ်။

ဒုတိယသစ္စာတရားအရ ဒုက္ခရဲ့အကြောင်းတရားက တဏှာ။ အကျိုးတရားဖြစ်တဲ့ ဒုက္ခတွေကို မလိုချင်ဘူးလား။ ဒါဆို အကြောင်းတရားဖြစ်တဲ့ တဏှာကို ဖယ်ရှားပစ်ရုံပဲပေါ့။

အကြောင်းတဏှာမရှိရင် အကျိုးဒုက္ခမလာတော့ဘူးပေါ့။ တစ်နည်းအားဖြင့် **တဏှာကို ပယ်နိုင်ရင် ဒုက္ခကင်းသွားပါမယ်။**

တဏှာကို လုံးဝပယ်နိုင်ပြီဆိုရင် ဒုက္ခအားလုံးက လွတ်မြောက်သွားမှာ သေချာပါတယ်။ **လွတ်မြောက်ခြင်း**က ပါဠိလို **"နိရောဓ"**။

ဒါကြောင့် တတိယသစ္စာက **နိရောဓသစ္စာ**ပါ။ ဒုက္ခခပ်သိမ်းမှ လွတ်မြောက်ခြင်းကိုပြောတဲ့ သစ္စာဖြစ်ပါတယ်။ ဒါကို တစ်နည်းအားဖြင့် ငြိမ်းအေးမှုအမှန်(သန္တိသုခ)ရခြင်း ကိလေသာအပူအားလုံးငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်ကိုရောက်ခြင်းဆိုပြီး ပြောတာပါ။

ဘုရားရှင်မိန့်တော်မူခဲ့တဲ့ မူရင်းဂါထာမှာ သက်ရှိ၊ သက်မဲ့တို့၌ **ကပ်ငြိခြင်းကို တဏှာ၊ တဿာ၊ ရာဂ** စသည့်စကားလုံးများ သုံးထားပါတယ်။

ဒါကြောင့် **ရာဂကင်းတာ ဝိရာဂ။**

| | | |
|---|---|---|
| **ပဋိနိဿဂ္ဂေါ** | = | အဖန်ဖန် ထပ်ခါထပ်ခါ စွန့်လွှတ်ခြင်း |
| **မုတ္တိ** | = | လွတ်မြောက်ခြင်း၊ နိဗ္ဗာန်။ |
| **အနာလယော** | = | ကပ်ငြိခြင်းကင်းမှု |

**(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၇၉၁၊ ၅၂၆၊ ၆၉၇၊ ၅၆)**

စကားလုံး လေးလုံးနဲ့ နိရောဓသဘောကို မြတ်စွာဘုရားရှင်က မိန့်တော်မူခဲ့ပါတယ်။

**မင်းကွန်းဆရာတော်ကြီး**ကတော့-

**"တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ၊ ဒုက္ခနိရောဓာ"**လို့ အတိုချုပ် ကဗျာစပ်ဆိုတော်မူခဲ့ပါတယ်။

ဖတ်စရာ၊ မှတ်စရာ စုံလင် မြန်မာ့အလင်း

## စာအုပ်ခင်းကျွ

ဖော်ညွှန်းသိ

စာအုပ်အမည် - မိုးဒေဝါ
စာရေးသူ - ဒဂုန်ခင်ခင်လေး
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၇၅၀၀ ကျပ်
စာမျက်နှာ - ၁၉၀ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇွန်လ



ဝတ္ထုဇာတ်လမ်းအဖွင့်ကို မီးရထားပေါ်တွင် စတင်ထားပြီး ခန့်မှန်းရခက်ခဲသော လူတစ်ယောက်၏ အတွင်းအချွတ်ကို အသေးစိတ် ခြယ်မှုန်းရေးဖွဲ့ထားသည်။

ယခုဝတ္ထု၏ ထူးခြားချက်မှာ ကာလ၊ ဒေသကို မူရင်းအတိုင်းထားရှိကာ ဝတ္ထုဇာတ်ကောင်များကို မြန်မာအမည်များ ပေးထားပြီး လက်ကမချရလောက်အောင် ဖွဲ့ဆောင်မှုအရှိဆုံး ဝတ္ထုစာအုပ်လည်းဖြစ်သည်။ စိတ်ရောဂါဝေဒနာဖြစ်နေသော အဘိုးကြီးတစ်ဦး၏ ဇာတ်လမ်းဖြစ်ကာ မီးရထားပေါ်မှာပဲ ဝတ္ထုကိုအဆုံးသတ်ထားသည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်း၏ The Kreutger Sonata ဝတ္ထု မြန်မာပြန်ထားသော စာအုပ်ဖြစ်သည်။ ကမ္ဘာကျော်ဂီတပညာရှင်ကြီး ဘီသိုဗင်၏ တေးသွားအလိုက်ကို 'မိုးဒေဝါ' တေးအမည်ဖြင့် ရေးဖွဲ့ထားသည့် ဝတ္ထုရှည်ကြီး ဖြစ်သည်။

စာအုပ်အမည် - ဝတ္ထုရေးနည်း ဝတ္ထု
စာရေးသူ - ကလောင်စုံ
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၈၀၀၀ ကျပ်
စာမျက်နှာ - ၁၇၅ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)



စာရေးသူဆရာကြီး၊ ဆရာမကြီးများဖြစ်သော မောင်ထင်၊ ရန်အောင်၊ သော်တာဆွေ၊ သာဓု၊ မောင်နေဝင်း၊ မင်းကျော်၊ နတ်နွယ်၊ စစ်ကိုင်းအေးလွင်၊ မောင်ကိုယု၊ သိန်းသန်းထွန်း၊ ခင်နှင်းယု၊ ခင်ဆွေဦးတို့၏ ဝတ္ထုရေးနည်း ဝတ္ထုစာအုပ်ဖြစ်သည်။

စာရေးရန် အထူးသဖြင့် (ဝတ္ထု)ရေးလိုသူများ၊ ဝါသနာပါသူများအနေဖြင့် အတုယူလေ့လာသင့်သောစာအုပ်ဖြစ်ပြီး စာရေးသူတို့၏ ဝတ္ထုရေးနည်းအတတ်ပညာကို အကဲခတ်လေ့လာခွင့်ရမည်ဖြစ်သည်။

ဇာတ်လမ်း အခင်းအကျင်း၊ ဇာတ်ဆောင်စရိုက်၊ အရေးအသားများကို လေ့လာသိရှိနိုင်စေရန် ဝတ္ထုတိုများ နမူနာရေးဖွဲ့ တင်ပြထားသည်။ ဝတ္ထုရေးဖို့ ကြိုးစားအားထုတ်နေသူများ မဖြစ်မနေ ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

## ကျွန်းလှမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျွန်းလှ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ယနေ့ နံနက်ပိုင်းက လူငယ်စကားဝိုင်းကို မန်ကျည်းအင်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျင်းပခဲ့သည်။




ရှေးဦးစွာ ကျွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသူက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်အကြောင်း ရှင်းလင်း၍ မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ယုယုနိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ (ဓာတ်ပုံ)

ထို့နောက် လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများက လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အနာဂတ်ရည်မှန်းချက်၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူများကို ဂုဏ်ပြုလက်ဆောင်နှင့် ပုံပြင်ပြောပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မျိုးဝင်းညို-ကျွန်းလှ**

## ဂရုစမ္မတော်သလင်းလ

* "ကန်ရာသီ"တော်သလင်း
သစ်ဆင်းသည့် သည်ချိန်ခါ၊
ရေဇလာ မြစ်အတွင်း
ရှုခင်းသာယာ။
ရင်းမာတို့ ပွင့်ကြရာ
ဗျိုင်းတာရာနှင့် ဘဒြပိုဒ်၊
စန်းယှဉ်ကာ ဝေယံတွင်း
ထွန်းလင်းသာခိုက်။
* သည်ချိန်ခါ သည်ကာလ
မြတ်ဗုဒ္ဓ မိန့်မြွက်ခြွေ၊
လူတိုင်းလေ ကိုယ်ကျင့်တရား
ကျင့်ပွားနိုင်စေ။
လူတို့၏ ရပ်ဌာနေ
တိုးတက်စေ မင်္ဂလာအပေါင်း၊
ဂရုစမ္မခေါ် မြတ်တရား
ကျင့်ပွားစေကြောင်း။
* ဂရုစမ္မခေါ် မြတ်ဓမ္မ
လိုရင်းက ငါးပါးသာ၊
ကျင့်ဆောင်ရာ လွန်စွာကောင်း
ဘေးပေါင်းရန်ခွာ။
ဂရုပြု စောင့်ထိန်းပါ
နတ်တို့ရွာ ပထမ၊
နောက်များတွင် နိဗ္ဗာန်နန်း
လှမ်းလို့တက်ရ။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)

## တောင်တွင်းကြီးမြို့၌ စာဖတ်ဝိုင်း ကျင်းပ

တောင်တွင်းကြီး စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ ဝန်ထမ်းများအနေဖြင့် စာဖတ်ခြင်းမှ တစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိလာစေရန်နှင့် စာပေမှရရှိသည့် အသိအမြင်များကို အချင်းချင်း မျှဝေဖလှယ်နိုင်စေရန် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၂၃) အမှတ်(၁၈)ပါ ဒေါက်တာသန်းထွန်း ရေးသားသည့် "လူငယ်တွေ စာဖတ်ကြပါ" ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ စာပေဖတ်ရှုခြင်းဖြင့် အကောင်းအဆိုး၊ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် နေ့စဉ်ဘဝတွင် စာဖတ်ခြင်းမှရရှိသည့် အသိပညာများကို ဆွေးနွေးခဲ့သည်။ ထို့နောက် ဝန်ထမ်းများက ဒေါက်တာသန်းထွန်း ရေးသားထားသည့် "လူငယ်တွေ စာဖတ်ကြပါ" ဆောင်းပါးဖြင့် မိမိတို့ ဖတ်ရှုထားသည့် အကြောင်းအရာများ၏ အမြင်များ၊ အတွေးအခေါ်များ၊ အယူအဆများနှင့် ဆောင်းပါး တစ်ပုဒ်လုံးအနှစ်ချုပ်အား သုံးသပ်ရရှိခဲ့သည့် အသိပညာများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**ဦးမျိုး(ဗိုလ်သနိုးမြေ)**



# ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်

**ဂန့်ဂေါ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး(မွမ်းမံ)သင်တန်းကို ယမန်နေ့ နံနက် ၈နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ရာ ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဒေါ်ယဉ်နွဲ့ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း သင်တန်းသူ၊ သင်တန်းသား ၇၅ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးမှ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး(မွမ်းမံ)သင်တန်းကို ဆက်လက် သင်ကြား ပို့ချခဲ့သည်။

အဆိုပါ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး(မွမ်းမံ)သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ၁၀ ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်မျိုးမင်း(ပြန်ဆက်)**

* — * — * — * — * — * — *



# ကန်တော်ကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ (၂၄)နာရီ နလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်မှတ်တမ်းတင်စက် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၄**

မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်း၏ ကူညီပံ့ပိုးမှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ယူနန်မင်တန်ဆေးရုံမှ တရုတ်ယွမ် ၈၀၀၀၀ တန်ဖိုးရှိ (၂၄)နာရီ နလုံးခုန်နှုန်းမှတ်တမ်းတင်စက်နှင့် သွေးပေါင်ချိန်မှတ်တမ်းတင်စက်များ လှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုကော်မတီ နာယက ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကိုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ဂိလာနသံဃာ တော်များနှင့် သီလရှင်များအား ဆေးကုသ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ယူနန်မင်တန်ဆေးရုံမှ ကိုယ်စားလှယ်က ဆေးရုံသုံး (၂၄)နာရီ နလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်မှတ်တမ်းတင်စက်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဆေးရုံသုံးနလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်မှတ်တမ်းတင်စက်များ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးနှင့် ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုကော်မတီမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုကော်မတီ နာယက ပါမောက္ခ ဒေါက်တာဦးမိတ်က ကျေးဇူးတင်စကားပြောကြားပြီး ဆေးရုံရှိ ဆေးကုသဆောင်ရွက်မှုများနှင့် ကျောက်ကပ်သွေးသန့်စင်ပေးနေမှုများအား ပြသခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)





# မဟာအောင်မြေမြို့နယ် သမဝါယမအသင်းစု အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအသစ် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်အသင်းစုရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းစုအောင်က လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ ဖတ်ကြားခြင်း၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာများနှင့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့အား အဆိုပြုထောက်ခံစနစ်ဖြင့် ရွေးချယ်ပြီး အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာ ခံယူ၍ အသင်းဥက္ကဋ္ဌသစ်က မိတ်ဆက်စကားပြောကြားပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၆)

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်သမန်ကန်ပတ်လမ်းရှိ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကော်မတီသို့ စက်တင်ဘာ ၂၁ ရက်က မန္တလေးမြို့အပြေးအသင်းများနှင့် အပြေးသမားများအဖွဲ့မှ မိုးရာသီတွင် ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ကယ်ဆယ်ဆောင်ရွက်နိုင်ရန် အလှူငွေကျပ် ၉,၄၈၈,၀၀၀ အား လာရောက် လှူဒါန်းရာ တိုင်းဥက္ကဋ္ဌ ဦးလှိုင်မင်းဦးနှင့် တိုင်းကော်မတီဝင် ဘဏ္ဍာရေးမှူး ဦးစိုးနိုင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်စဉ်။ (၀၇၀)






# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**တောင်တွင်းကြီး စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ အငြိမ်းစား ဝန်ထမ်းများ၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်၌ ယမန်နေ့ နံနက် ၈ နာရီမှ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်လစာထုတ်ယူသူများ အနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် အခက်ခဲမရှိစေရန် အုပ်စုများဖွဲ့ကာ သတ်မှတ်ရက်များအတွင်း အလှည့်ကျထုတ်ပေးခြင်း၊ ပင်စင်လစာများကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်လာရောက်မထုတ်ယူနိုင်ပါက မိသားစုဝင်တစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း၊ ပင်စင်လာရောက်ထုတ်ယူရာတွင် အခက်ခဲမရှိစေရန်၊ အဆင်ပြေချောမွေ့စေရန်နှင့် လူစုလူဝေးမဖြစ်စေရန်ဘဏ် ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပင်စင်ထုတ်ယူရာတွင် လစဉ် ၂၁ ရက်မှ လကုန်ရက်အထိ ရုံးဖွင့်ချိန်တွင် ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

# VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ကျင်းပ

**နောင်မွန် စက်တင်ဘာ ၂၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုံလာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း VDP အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက ထုံလာကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း VDP စီမံကိန်း အကြောင်းအရာများ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ စီမံကိန်းလုပ်ငန်းစဉ်များ၊ ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကျေးရွာသူ၊ ကျေးရွာသားများက ဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့သည်။

အဆိုပါ ကျေးရွာ၌၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာနေပြည်သူများ၏ လုပ်အားငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ရဲကျော်**



# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ (၃၄)လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၁၆/၂၀၂၆-၂၀၂၇)

## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင်မြေနှင့် အဆောက်အဦးကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

| | | |
|---|---|---|
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် | - | (၀၇-၁၀-၂၀၂၆) |
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် | - | နံနက် ၀၉း၀၀ နာရီ။ |
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေရာ | - | အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

(ခ) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့် ပစ္စည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**Auction 16**

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ(၉ ဒသမ ၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

လေလံကြမ်းခင်းဈေး ငွေကျပ် (၁၂,၀၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းပေါင်း တစ်သိန်းနှစ်သောင်းတိတိ)

မှတ်ချက် ။ ။ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ မြီရှင်ထံတွင် ရှိပါသည်။

### လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၂။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခု ပေါ်ပေါက်လာပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည် မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၁၀၀,၀၀၀/-)နှုန်း ငွေသားဖြင့် သတင်းစာ၌ ပါလာသည့်ရက်မှစ၍ (၀၅-၁၀-၂၀၂၆)ရက် နောက်ဆုံးထား၍ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့် ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ Auction 16 အတွက် သမာဓိအာမခံကြေးငွေ (Earnest Money) (ကျပ် ၂၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင်)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၀၅-၁၀-၂၀၂၆)ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay) (PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA Bank (0025-Mandalay-003) (Kywae Sae Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း၊ UAB Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၀၇-၁၀-၂၀၂၆)ရက်တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း (သို့မဟုတ်) တရားဝင်ကိုယ်စားလှယ်စာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့် မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာရင်းအချက်အလက်များအား (၀၅-၁၀-၂၀၂၆)ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် 09-758211119 တို့ကို ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း: 09-940010077 , 09-945770555, 09-758211119

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဥက္ကဋ္ဌ**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၈)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းဇော်ဦးအမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်မြလေးခိုင်(ဘ)ဦးသန်းညွန့်(၁၀/သထန(နိုင်)၁၈၀၁၃၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၁၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## ကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဦးတင်ညွန့်(Managing Director)၏ Aung Pyi Moe Company Limited မှ ကန်ထရိုက်လိုင်စင် လျှောက်ထားလာပါသည်။

၂။ အထက်ပါကုမ္ပဏီမှ ကန်ထရိုက်လုပ်ငန်း လိုင်စင်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်၍ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဦးစိုင်းဝင်းမြင့်ဦး(Managing Director)၏ Aung Kaung San (Lashio) Company Limited မှ ကန်ထရိုက်လိုင်စင် လျှောက်ထားလာပါသည်။

၂။ အထက်ပါကုမ္ပဏီမှ ကန်ထရိုက်လုပ်ငန်း လိုင်စင်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်၍ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၈-၂၀၂၆)နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၉)၌ပါရှိသော အများသိစေရန် ကြေညာခြင်းတွင် အကွက်အမှတ်(ညည-၃၀)၊ ဦးပိုင်နံပါတ်(၄၈-ခ)၊ မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (၃၀×၄၅)ပေထဲမှ မြောက်ဘက်ခြမ်း(၁၅×၄၀)ပေအစား မြောက်ဘက်ခြမ်း(၁၅×၄၅)ပေဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကြော်ငြာချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ ဆိုင်ခန်းများသည် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူများ ပြန်လည်ထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များနှင့်အတူ (၇)ရက်အတွင်း ဈေးနှင့်သားသတ်ဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူ ထုတ်ယူခွင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်အမှတ် | မူလအမည်ပေါက် | လွှဲပြောင်း လက်ခံသူအမည် |
|---|---|---|---|---|
| ၁။ | ရတနာပုံဈေး | (H)ရုံ၊ ဆိုင်အမှတ်-၂၃ | ဒေါ်အေးအေးဝင်း<br>၈/မဘန(နိုင်)၀၀၄၁၂၉ | ဒေါ်အေးအေးဝင်း<br>၈/မဘန(နိုင်)၀၀၄၁၂၉ |

**ဌာနမှူး၊ ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆရာမကြီး ဒေါ်ခင်အေးလွင် အသက်(၆၈)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်တော်မူရပ်နေ (ဦးကိုလေး)+(ဒေါ်မြကြည်)၊ (ဦးသောင်းမြင့်)+(ဒေါ်ခင်မာကြည်)၊ ဦးထွန်းရင်+ဒေါ်ခင်မာရီ၊ (ဦးတင်ဝင်းစိန်)+ဒေါ်ခင်မြသန်း၊ ဦးရဲအောင်+ဒေါ်အေးမြ၊ ဦးရေဝတ(မယ်တော်ကြီးကျောင်း)တို့၏ ညီမ၊ ဦးထွန်းထွန်း+ဒေါ်မူမူမြင့်တို့၏ အစ်မ၊ (ဦးအောင်ခင်)+(ဒေါ်အေး)တို့၏ သမီး

### ဆရာမကြီး ဒေါ်ခင်အေးလွင် အသက်(၆၈)နှစ်

သည် (၂၃-၉-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ည(၁၀:၀၀)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါ၍ (၂၅-၉-၂၀၂၆)ရက်၊ (သောကြာနေ့)၊ နံနက်(၁၁:၀၀)နာရီအချိန်တွင် ၅၉လမ်းနှင့် လမ်း၆၀ကြား၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၇၉၈)၊ မြေပဒေသာရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်စိမ်းမာ(ဘ)ဦးထွန်းမြိုင်(၉/အမရ(နိုင်)၁၀၈၄၅၄)နှင့် အများသိစေရန် အသိပေးကြေညာခြင်း

အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုရပ်၊ အကွက်အမှတ်(၅၉၇)နေ ဒေါ်သန်းထိုက်(ဘ)ဦးနတ်တာ(၉/တတဥ(နိုင်)၀၃၀၁၇၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုရပ်၊ အကွက်အမှတ်(၅၉၇)ရှိ (၃၀×၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦမှာ ဒေါ်သန်းထိုက်နှင့် ၎င်း၏ခင်ပွန်း ဦးထွန်းမြိုင်(ကွယ်လွန်)တို့၏ လက်ထပ်ပွားမြေနှင့် အဆောက်အဦဖြစ်ပါသည်။ ဦးထွန်းမြိုင်ကွယ်လွန်ပြီးနောက် ကျွန်ုပ်၏အမှုသည် ဒေါ်သန်းထိုက် တစ်ဦးတည်းသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာသော မြေနှင့်အဆောက်အဦဖြစ်ပါသည်။ မည်သည့်သားသမီးကိုမျှ အမွေအဖြစ်ခွဲဝေပေးရခြင်း မရှိသေးပါ။ ယနေ့အချိန်တွင် သမီးဖြစ်သူ ဒေါ်စိမ်းမာ(ဘ)ဦးထွန်းမြိုင်(၉/အမရ(နိုင်)၁၀၈၄၅၄)သည် ကျွန်ုပ်အမှုသည်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ၎င်း၏စိတ်ဆန္ဒသဘောဖြင့် ရောင်းချနေကြောင်း ကျွန်ုပ်အမှုသည်၏ ပြောပြချက်အရသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အဆိုပါမြေနှင့်အဆောက်အဦအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုရန် ဒေါ်စိမ်းမာနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ယင်းအချက်များကို ဖောက်ဖျက်ခဲ့ပါက တရားဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံ၍အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်သန်းထိုက်(ဘ)ဦးနတ်တာ**
**(၉/တတဥ(နိုင်)၀၃၀၁၇၉)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၅၃/၂၀၁၀)**
**စကားဝါလမ်း၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၇၀၈၄၉၉**

**ဦးအောင်ဇော်ဦး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၇၃၉၂/၂၀၂၆)**
**၂၃လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၆၀၃၆၉၅၉**

**ဦးထက်အောင်ကို (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၇၃၉၃/၂၆-၅-၂၀၂၆)**
**၃၇လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ဟေမမာလာမြောက်ရပ်ကွက်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၃၆၀၀၀၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရန်အောင်မြင်ရပ်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(က-၂၃)၊ ဧရိယာ(၀ ဒသမ ၅၀၈)ဧကအား ဒေါ်စောကျင်အမည်ဖြင့် ဂရန်အမည်ပေါက်ရရှိထားပြီး ၎င်းထံမှ ဧရိယာ(၀ ဒသမ ၁၀၈)ဧကမှာ ဦးညိုလင်း လက်ရှိပိုင်ဆိုင်ထားကြောင်းနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူဖြစ်သည့် ဦးညိုလင်း(၉/စကတ(နိုင်)၀၆၈၄၂၅)ကိုင်ဆောင်သူထံမှ ကျွန်မ၏မိတ်ဆွေဖြစ်သူက ယင်း(၀ ဒသမ ၁၀၈)ဧကထဲမှ တစ်စိတ်တစ်ဒေသအား (၃၁-၁၀-၂၀၂၆)ရက်နေ့တွင် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးမြတ်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**မြို့မရပ်ကွက်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၄၃၁၈၆၁၂၂၊ ၀၉-၇၉၇၃၄၂၆၉၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၇)၊ ဦးပိုင်နံပါတ်(၆၃)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်မှာ ဦးလှကျော်အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်အား ဦးလှကျော်၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၈/၂၀၁၃)ရရှိသူ ဒေါ်လဲ့ရည်မွန်ထံမှ အထက်ပါမြေကွက်၏ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်အား အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဒေါ်စန်းစန်းဝင်း(ဘ)ဦးပေါစိန်(၈/ခမန(နိုင်)၁၅၂၇၄၉)မှ လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်သက်ဆိုင်သည့် လမ်းဖိုး ၂၄၀၀/-သွင်း ငွေရပြေစာမူရင်းမှာ ဒေါ်စန်းစန်းဝင်း ဝယ်ယူစဉ်ကတည်းက မပါရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။ ယနေ့အချိန်ထိ ကြိုးစားရှာဖွေသော်လည်း မတွေ့ရှိပါ။

အထက်ပါမြေကွက်နှင့်သက်ဆိုင်သည့် လမ်းဖိုး ၂၄၀၀/-သွင်း ငွေရပြေစာမူရင်းပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ လိုအပ်သည့် ထောက်ခံချက်များတောင်းယူ၍ ကျမ်းကျိန်ဆိုမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်အမှတ်(၆၅)တောင်ပိုင်းလမ်းတွင်တည်ရှိသော မြေနှင့်အဆောက်အဦ၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာရှိ တိုက်အမှတ်(A)၊ အခန်းအမှတ်(၁၅၁၀)နှင့် အမရပူရမြို့နယ်၊ ငယ်တိုးတိုက်နယ်၊ စားကြင်ဝရပ်ကွက်၊ ကွင်းအမှတ်(၆၁၆)၊ ဦးပိုင်(၂၇)မြေကွက်အလွတ်တို့သည် ကျွန်မ၏ဖခင်ကြီး ဦးမောင်မောင်(၁၂-၁-၂၀၂၅)ကွယ်လွန်နှင့် မိခင်ကြီး ဒေါ်ခင်စန်းမြင့်(၉-၉-၂၀၂၆)ကွယ်လွန်တို့ ပိုင်ဆိုင်ပါသည်။ မိဘများတွင် သမီးကြီး ကျွန်မ ဒေါ်ဖြူဖြူဝင်း(ခ)မွေးမွေးချစ်ချစ်၊ သမီးလတ် ဒေါ်သက်သက်ဝင်း၊ သမီးငယ် ဒေါ်အိအိဝင်းတို့ (၃)ဦးအညီအမျှ အမွေဆက်ခံပိုင်ခွင့်ရှိပါသည်။

အထက်ပါကြောင့် ကျွန်မ သမီးကြီးဖြစ်သော ဒေါ်ဖြူဖြူဝင်း(ခ)မွေးမွေးချစ်ချစ်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ အငှားချထားခြင်း၊ ကျူးကျော်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းမပြုလုပ်ရန် တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း(၉/မရတ(နိုင်)၀၄၁၄၂၅)**

**၃၁လမ်းနှင့် ၃၂လမ်းကြား၊ မြို့ပတ်လမ်း၊ နန်းဦးလွင်အိမ်ယာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၇၁၁၆၆၈၁**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။ စာမျက်နှာ ၅ သို့★



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

## ယနေ့မိုးလေဝသ (၂၅-၉-၂၀၂၆)

နေပြည်တော်နှင့် အနီးတစ်ဝိုက် ➡ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် ⬅ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက် ➡ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Tang Shan၊ ဖရီးဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Xu Fang ဦးစီး၍ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သီလဝါဆိပ်ကမ်းသို့ ရောက်ရှိစဉ်။

# ဧရာဝတီယူနိုက်တက် (ယူ-၂၀)အသင်းကို ဂိုးပြတ်အနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့သည့် ရန်ကုန်လူငယ်အသင်း

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းသည် ယနေ့ညနေပိုင်းက YUSCကွင်းတွင် ဧရာဝတီယူနိုက်တက် (ယူ-၂၀)အသင်းကို လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ရှစ် ဂိုး၊ ဂိုးမရှိနှင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ကျော်ညီညီ၊ လမင်းပြည့်စုံ၊ ဖွဲ့ခန့်အောင်၊ ဇေထက်အောင်တို့က ပထမပိုင်းတွင် သွင်းယူပေးခဲ့ပြီး ဒုတိယပိုင်းတွင် ခွန်းချိုထူးမှ ပင်နယ်တီကန်သွင်းယူခဲ့ပြီး ကျော်ညီညီ နှစ်ဂိုး၊ လမင်းပြည့်စုံ တစ်ဂိုး ဆက်လက်သွင်းယူကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကျော်ညီညီသည် ရန်ကုန်အသင်းအတွက် ပထမဦးဆုံးဟက်ထရစ်ကို သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယနေ့ပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၁၆ ပွဲကစား၊ ၁၁ ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ၃၆ မှတ်နှင့် အဆင့် ၂ နေရာတွင် ရပ်တည်နေပြီး လာမည့် အောက်တိုဘာ ၂ ရက်တွင် ချင်းလန်း (ယူ-၂၀)အသင်းနှင့် YUSC ကွင်းတွင်ဆက်လက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(NGB)**



# ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်တွင် နော်ဝေအသင်းနှင့် ပေါ်တူဂီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် စက်တင်ဘာ ၂၄**

ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်တွင် နော်ဝေအသင်းနှင့် ပေါ်တူဂီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့သည်။

ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်အဖြစ် နော်ဝေအသင်းနှင့် ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်ဝေအသင်းက ဒိန်းမတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နော်ဝေအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၄မိနစ်တွင် ဘော့ဘ်၊ ပွဲချိန် ၁၈မိနစ်နှင့် ၇၄ မိနစ်တွင် ဟာလန်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ ပေါ်တူဂီအသင်းနှင့် ဝေးလ်အသင်းတို့ ပွဲစဉ်တွင်လည်း ပေါ်တူဂီအသင်းက ဝေးလ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၂၂မိနစ်တွင် ဂျာအိုဖီးလစ်က သွင်းယူပေးခဲ့သည်။



ယူအီးအက်ဖ်အေနေးရှင်း လိဂ် အုပ်စုပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၈ရက်တွင် နော်ဝေအသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**